**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၂)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၂ ရက်**

**( ၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၅၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြို တင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ၇-၃-၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီလုပ်ငန်းဆောင်ရွက်ရန်။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၀)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦး၊

ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးယူခြင်းခံရသော ကျွဲ၊ နွားများ ပြန်လည်ရယူနိုင်ရေးနှင့် ပါဝင်ပတ်သက်သော သူခိုး၊ ဓားပြများ ဖမ်းဆီးရေးအတွက် နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းပြီး အရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးယူခြင်းခံရသော ကျွဲ၊ နွားများ ပြန်လည်ရယူနိုင်ရေးနှင့် ပါဝင်ပတ်သက်သော သူခိုး၊ ဓားပြများ ဖမ်းဆီးရေးအတွက် နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းပြီး အရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ မင်္ဂလာပါ။ အားလုံးကို လေးစားဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးယူခြင်းခံရသော ကျွဲ၊ နွားများ ပြန်လည်ရယူနိုင်ရေးနှင့် ပါဝင်ပတ်သက်သော သူခိုး၊ ဓားပြများ ဖမ်းဆီးရေးအတွက် နှစ်နိုင်ငံဆွေးနွေး ညှိနှိုင်းပြီး အရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ကနေပြီးတော့ မှောင်ခိုသွင်းသော ကျွဲ၊ နွားပေါင်းများစွာဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာ့ဖ်မြို့ရှိ ပွဲရုံများသို့ တရားမဝင်ရောက်ရှိသွားပြီး ရောင်းချခဲ့တာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီး အမြစ်တွယ်နေတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒီ ကျွဲ၊ နွားတွေရဲ့ ထက်ဝက်ခန့်ဟာ ဓားပြများ ခိုးယူသွားခဲ့တဲ့ ကျွဲ၊ နွားများဖြစ်ပါတယ်။ ခိုးသူတွေဟာလည်း ဘင်္ဂါလီတွေ ဖြစ်ပြီးတော့ တစ်ခါတစ်ရံ ပိုင်ရှင်တွေကို တိုက်ခိုက်သတ်ဖြတ်ခဲ့တာလည်းရှိပါတယ်။ မှောင်ခိုသွင်းယူတဲ့ လမ်းကြောင်းတွေကတော့ ဘူးသီးတောင်မြို့နယ်၊ ဖုံညိုလိပ်ကျေးရွာဖြတ်သန်းပြီးတော့ ကုန်းကြောင်း တောလမ်းခရီး၊ ပေါက်တောမြို့နယ်၊ ဘင်္ဂါလီဒုက္ခသည်စခန်းရှိတဲ့ အနောက် ရဲကျေးရွာနှင့် မောင်တော မြို့နယ် အလယ်သံကျော်ကျေးရွာတို့မှတစ်ဆင့် ပင်လယ်ပြင်ကိုဖြတ်ပြီး ရေကြောင်းနှင့်သွားတဲ့ လမ်းတို့ ဖြစ်ပါတယ်။ ခိုးကျွဲ၊ နွားများရဲ့ နောက်ဆုံးခရီးကတော့ မောင်တောမြို့ရဲ့ တစ်ဖက်ကမ်းမှာရှိတဲ့ တက္ကနာ့ဖ်မြို့က နွားဈေးဖြစ်ပါတယ်။

အဲဒီ ကျွဲ၊ နွားဈေးကွက်များကို ပိုင်ရှင်များကိုယ်တိုင် နောက်တစ်ရက်မှ ရောက်သွားလို့ရှိရင် ခိုးတဲ့သူတွေနှင့် ကျွဲ၊ နွားတွေကို တွေ့ရှိပါတယ်။ မိမိတို့ရဲ့ ကျွဲ၊ နွားများကိုလည်း မှတ်မိပါတယ်။ နာမည် ခေါ်ပြီးတော့ ထူးလို့ရှိရင်လည်း အဲဒီ ကျွဲ၊ နွားတွေကိုရပါတယ်။ ဒါပေမယ့်လည်း တစ်ဖက်နိုင်ငံရဲ့ ဩဇာအာဏာ သက်ရောက်တဲ့နေရာဖြစ်လို့ ကျွဲ၊ နွားများကို ပြန်လည်ရယူနိုင်စွမ်း မရှိခဲ့ပါဘူး။ တစ်ခါတစ်ရံ ငွေကြေးဖြင့် ရွေးယူနိုင်သော်လည်း ကျွဲ၊ နွားများရဲ့ တန်ဖိုးထက်ဝက်ခန့် ကုန်ကျခဲ့ပါတယ်။ ပြီးခဲ့တဲ့ (၃)နှစ်လောက်က လွှတ်တော်အမတ်တစ်ဦးရဲ့ ကျွဲ၊ နွား အခိုးခံရပါတယ်။ သွားပြီးတော့ ရွေးယူတဲ့ စရိတ်က အဲဒီ ကျွဲ၊ နွားတန်ဖိုး အားလုံးနီးပါး ကုန်ကျခဲ့တာရှိပါတယ်။

ပြီးခဲ့တဲ့ (၂)နှစ်အတွင်းမှာ ရခိုင်မြောက်ပိုင်းမြို့နယ်များဖြစ်တဲ့ စစ်တွေ၊ ဘူးနားကျွန်း၊ ရသေ့တောင်၊ မောင်တော၊ ဘူးသီးတောင်မြို့နယ်များက ခိုးယူပြီးတော့ တက္ကနာ့ဖ်မြို့ကို ရောက်ရှိ သွားတဲ့ ကျွဲ၊ နွားကောင်ရေဟာ (၂၀၀)ကျော်ခန့် ရှိပါတယ်။ နောက်ဆုံးဖြစ်ရပ်ကတော့ မောင်တော မြို့နယ်၊ အင်းတိမ်ကျေးရွာက ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်ကုန်ခါနီးမှာ ကျွဲ၊ နွား(၁၈)ကောင် တစ်ပြိုင်တည်း ခိုးယူခြင်းခံရပါတယ်။ ပိုင်ရှင်နောက်ကလိုက်လို့ မိမိနိုင်ငံရဲ့ ကမ်းခြေဖက်မှာ (၁၀)ကောင်ကို ပြန်ရခဲ့ ပါတယ်။ တစ်ဖက်နိုင်ငံကို (၈)ကောင် ရောက်ရှိသွားပါတယ်။ နောက်တစ်ရက်မှာ ပိုင်ရှင်ကသွားတော့ အဲဒီ ကျွဲ၊နွားတွေကို ဈေးမှာတွေ့ပါတယ်။ ဒါပေမဲ့ ပြန်လည်တောင်းယူလို့ မရခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘင်္ဂါလီ ကျွဲ၊ နွား သူခိုးတွေဟာ တိုင်းရင်းသားလယ်သမားများရဲ့ စီးပွား တွေဖြစ်တဲ့ အဓိက ဒီ ကျွဲ၊ နွားကို ခိုးယူခဲ့တဲ့အတွက် လယ်ယာလုပ်ငန်းမှာ လယ်သမားတွေလုပ်ကိုင်ဖို့ ထိခိုက်ပါတယ်။ ရပ်တည်နေဖို့လည်း အဲဒီဒေသမှာ တဖြည်းဖြည်း ခက်ခဲလာပါတယ်။ အခုဆိုရင်

လုံခြုံရေးအရလည်း စိုးရိမ်စရာတွေ ဖြစ်လာပါတယ်။ တစ်ဖက်နိုင်ငံက နွားခိုးစက်လှေတွေဟာ တံငါသည်တွေလို ဟန်ဆောင်ပြီးတော့ ညဥ့်ဦးပိုင်းမှာ ပင်လယ်ကမ်းခြေရေပြင်မှာ လှည့်လည်နေပါတယ်။ ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ ထုတ်ထားတဲ့အတွက် အဲဒါကို အကာအကွယ်ယူပြီးတော့ တိုင်းရင်းသားကျေးရွာများရှိ ကျွဲ၊ နွားများကို ဝင်ဆွဲနေခြင်းဖြစ်ပါတယ်။ တချို့ဆိုရင် တောတောင်တွေထဲမှာ ပုန်းကျန်ရစ်ခဲ့ပါတယ်။ နောက်တစ်ရက်မှ စက်လှေဖြင့် တစ်ဖက်နိုင်ငံကို ပြန်ပြီးတော့ လိုက်သွားပါတယ်။

အဲဒါကြောင့် ပင်လယ်ကမ်းခြေတွင် တိုင်းရင်းသားများရဲ့ စီးပွားရေးထိခိုက်ပြီး လုံခြုံရေးပါ စိုးရိမ်စရာ ဖြစ်လာနေရာက နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ပြီးတော့ ဒီရာဇဝတ်ကောင် သူခိုး၊ ဓားပြတွေကို ဖမ်းဆီးရေးနှင့် ကျွဲ၊ နွားများကို တစ်ဖက်နိုင်ငံက ပြန်လည်ရရှိရေးအတွက် အရေးယူဆောင်ရွက်ပေးပါရန် လိုအပ်နေပြီဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မိုးကောင်းမြို့မ ရဲစခန်းဝင်းအတွင်းရှိ ယိုယွင်းပျက်စီးနေသော ဝန်ထမ်းအိမ်ရာများကို အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး က ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မိုးကောင်းမြို့မ ရဲစခန်းဝင်းအတွင်းရှိ ယိုယွင်းပျက်စီးနေသော ဝန်ထမ်းအိမ်ရာများကို အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်မ မေးမြန်းလိုတာက ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မိုးကောင်းမြို့မ ရဲစခန်းဝင်းအတွင်းမှာရှိတဲ့ ယိုယွင်းပျက်စီးနေသော ဝန်ထမ်းအိမ်ရာများကို အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအား Power Point အသုံးပြုခွင့် ပေးပါရန် တောင်းခံအပ်ပါတယ်ရှင်။ ကျွန်မတို့ မိုးကောင်းမြို့နယ်၊ မြို့မရဲစခန်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများမှာ နှစ်(၆၀)ကျော်ခန့် ကြာမြင့်နေပြီဖြစ်တဲ့အတွက် ပုံမှာပြထားတဲ့အတိုင်း များစွာယိုယွင်းပျက်စီးနေကြပြီဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာအသစ် (၆)ခန်းတွဲ တိုက်ခန်း(၂) ခန်းတွဲ (၂)ဆောင်၊ (၄)ခန်းတွဲ (၂)ထပ် (၁)ဆောင်၊ ပေါင်း(၃)ဆောင် ဆောက်လုပ်ပြီးပြီဖြစ်သော်လည်း လုံလောက်မှုမရှိ

သေးတဲ့အတွက် ပျက်စီးနေသော အိမ်ရာများမှာ ရဲဝန်ထမ်းမိသားစုများ နေထိုင်နေရဆဲ ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်တစ်ခုခု ဥပမာ လေပြင်းတိုက်ခတ်တာ၊ လျှော်လှုပ်တာ စသည် ဖြစ်ခဲ့လို့ရှိရင် ပြိုကျပျက်စီးသွားမှာ ဖြစ်ပါတယ်။ မိသားစုများမှာ ကလေးငယ်များလည်း ပုံပါအတိုင်းရှိနေကြတဲ့ အတွက် စိုးရိမ်စရာဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့ မြို့မရဲစခန်းဝင်းအတွင်းရှိ ယိုယွင်းပျက်စီးနေပြီဖြစ်သော ဝန်ထမ်း အိမ်ရာများကို အသစ်ပြန်လည် တည်ဆောက်ပေးပါရန်နှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေး မည်ကို သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

မြို့မရဲစခန်းဝင်းအတွင်းရှိ ယိုယွင်းပျက်စီးနေသော ဝန်ထမ်းအိမ်ရာ မြင်ကွင်းပုံ (၉၉)



မြို့မရဲစခန်းဝင်းအတွင်းရှိ ယိုယွင်းပျက်စီးနေသော ဝန်ထမ်းအိမ်ရာ မြင်ကွင်းပုံ (၉၉-၁)



မြို့မရဲစခန်းဝင်းအတွင်းရှိ ယိုယွင်းပျက်စီးနေသော ဝန်ထမ်းအိမ်ရာ မြင်ကွင်းပုံ (၉၉-၂)



**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဧရိယာစတုရန်းမိုင် (၁၄၂၀၀.၀၈)ကျယ်ဝန်းပြီး ပြည်နယ်အနောက်ဖက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေမိုင် (၄၁)မိုင်၊ ကုန်းမိုင် (၆၅)မိုင်၊ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိတဲ့ မောင်တောဒေသမှာ တပ်မတော်(ရေ) မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့၊ အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့တို့မှ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအပြင် နိုင်ငံတော်နယ်နိမိတ် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနှင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံနယ်စပ်အတွင်း ဖြစ်ပွားတဲ့ နယ်မြေဖြတ်ကျော်မှုခင်းများဖြစ်တဲ့ တရားမဝင် လူခိုးဝင်ခြင်း၊ ခိုးထွက်ခြင်း၊ အကောက်ခွန်မဲ့ ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များ ခိုးသွင်း၊ ခိုးထုတ်ခြင်းများ စတဲ့ ကိစ္စရပ်များကို ထိန်းသိမ်းကာကွယ် ဖော်ထုတ်ဆောင်ရွက်လျက် ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ

မြန်မာနိုင်ငံ မောင်တောဒေသအတွင်းတွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ တက္ကနာ့ဖ်နယ်မြေ အတွင်းတွင်လည်းကောင်း၊ နယ်စပ်ဆက်ဆံရေးများဖွင့်လှစ်၍ နှစ်နိုင်ငံပူးပေါင်းချိတ်ဆက် ဆောင်ရွက် လျက်ရှိပါတယ်။ ထို့အပြင် လိုအပ်လျှင် INTERPOL မှတစ်ဆင့် သတင်းချိတ်ဆက် ဆောင်ရွက်လျက် ရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တိရစ္ဆာန်ခိုးမှု (၃၈)မှု ဖြစ်ပွားခဲ့ရာ (၂၈)မှုကို တရားခံ ကျား(၄၇)ဦးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တဲ့အပြင် တရားမဝင် ကျွဲ၊ နွား မှောင်ခို ဖမ်းဆီးအရေးယူမှု (၂၉)မှု၊ တရားခံ ကျား(၁၁၈)ဦးကိုလည်း ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ ပါတယ်။ အဆိုပါအမှုများအနက် ၂၁-၁၁-၂၀၁၈ ရက်နေ့က အင်းဒင်ကျေးရွာမှ ကျွဲ(၁၈)ကောင် ပျောက်ဆုံးခဲ့ရာမှ (၁၀)ကောင်ကို ပြန်လည်တွေ့ရှိပြီး (၈)ကောင် ပျောက်ဆုံးခဲ့မှုအတွက် အင်းဒင် နယ်မြေရဲစခန်း (ပ)၇/၂၀၁၈၊ ပုဒ်မ ၃၇၉(တ)ဖြင့်လည်းကောင်း၊ ၁၅-၁၂-၂၀၁၈ ရက်နေ့က ဥဒေါင်း ကျေးရွာမှ နွားထီး(၅)ကောင်ပျောက်ဆုံးမှုအတွက် အလယ်သံကျော် နယ်မြေရဲစခန်း (ပ)၅/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(တ)ဖြင့်လည်းကောင်း အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိနေပါတယ်။

၎င်းအမှုများနှင့် ပတ်သက်၍ မောင်တောခရိုင်ရဲတပ်ဖွဲ့အား နယ်စပ်ဆက်ဆံရေးရုံးမှ ၂၈-၁၂-၂၀၁၈ ရက်စွဲပါစာဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနာ့ဖ်မြို့ရှိ နယ်စပ်ဆက်ဆံရေးကို အကြောင်း ကြားစာပေးပို့၍ ညှိနှိုင်းဆောင်ရွက်ခဲ့တဲ့အပြင် ၂၁-၁-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ မြန်မာ၊ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့ ကွပ်ကဲရေးမှူးအဆင့် အစည်းအဝေးမှာ အလယ်သံကျော် နယ်မြေ (ပ)၅/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၉(တ)အမှုမှ ဥဒေါင်းကျေးရွာနေ ဦးအောင်သာကျော် ရဲ့ ပျောက်ဆုံးသွားတဲ့ နွား(၅)ကောင်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ရှင်မဖြူမြို့ နွားရောင်းပွဲရုံမှာ ရောက်ရှိ နေတဲ့ ဓာတ်ပုံမှတ်တမ်းများ၊ အထောက်အထားများနှင့် ခိုင်လုံစွာ ဆွေးနွေးညှိနှိုင်းခဲ့ရာ ဘင်္ဂလားဒေ့ရှ် နိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ကူညီစုံစမ်းပေးမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ပါတယ်။ ကျွဲ၊ နွားတိရစ္ဆာန် ခိုးယူ၍ တရားမဝင် နိုင်ငံဖြတ်ကျော် ရောင်းချမှုအား ထိန်းချုပ်နိုင်ရေးအတွက် ကျွဲ၊ နွားများ တရားဝင် ကူးသန်းရောင်းဝယ်ခွင့်ကို ရခိုင်ပြည်နယ်အစိုးရအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တရားဝင်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်နိုင်ကြောင်း ပညာပေးချပြရှင်းလင်းခြင်း၊ သက်ဆိုင်ရာ နယ်မြေရဲစခန်းများ အလိုက် မှုခင်းပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်လျက်ရှိတဲ့အပြင် ရှောင်တခင် စစ်ဆေးခြင်း၊ တိရစ္ဆာန်ခိုးမှုများ၌ ပြစ်ဒဏ်၊ ပြစ်ချက်ဟောင်းရှိသူများကို ကျွဲ၊ နွား မှောင်ခို ပြုတတ်သူများအား စောင့်ကြည့်သတင်းယူ၍ ဖမ်းဆီးအရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်းလမ်းများမှာ လုံခြုံရေးဂိတ်၊ ရဲကင်းဂိတ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကို လည်းကောင်း၊ ရေလမ်းမှာ တပ်မတော်(ရေ)က စောင့်ကြည့်ကင်းများ ချထားဆောင်ရွက်နိုင်ရေးကို လည်းကောင်း၊ ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ရဲ့ ၁၉-၁၂-၁၉၈၀ ရက်မှာ ချုပ်ဆိုထားတဲ့ နယ်ခြားအစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်မှာ နှစ်နိုင်ငံ ဖြတ်ကျော်မှုခင်းများကို ဖြေရှင်းရန်အတွက် နယ်ခြားအာဏာပိုင်အဖွဲ့များကို ဖွဲ့စည်း

ဆောင်ရွက်သွားရန်ဟု ဖော်ပြပါရှိပါတယ်။ သို့ဖြစ်၍ နှစ်နိုင်ငံနယ်စပ်ခြား နယ်စပ်ရေးရာကိစ္စရပ်များကို အောက်ခြေ၌ လက်တွေ့အရေးယူ ဆောင်ရွက်ရန်နှင့် နှစ်နိုင်ငံနယ်စပ်အာဏာပိုင်အဖွဲ့အစည်းများအကြား ဆက်ဆံရေးယန္တရားအဖြစ် နယ်စပ်ဆက်ဆံရေးရုံးများကို ဖွင့်လှစ်ထူထောင်ထားရှိပြီး လုပ်ငန်းလိုအပ်ချက်များကို နှစ်ဖက်အာဏာပိုင်များက စာဖြင့်အကြောင်းကြားခြင်း၊ ဆက်သွယ်ခြင်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့များမှ ဒေသကွပ်ကဲမှုအဆင့် အစည်းအဝေးခေါ်ယူ၍ လိုလားချက်များကို အကြောင်းကြားတောင်းဆိုခြင်းတို့အား ဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ ဆောင်ရွက်သော်လည်း တစ်ဖက်နိုင်ငံမှ ထူးခြားသည့် အရေးယူဆောင်ရွက်ခြင်း မရှိပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်စာဖြင့် အကြောင်းကြားခြင်း၊ သက်ဆိုင်ရာ သံအမတ်ကြီးအား ခေါ်ယူ၍ သတိထောက်ပြောကြားခြင်း၊ မြန်မာနိုင်ငံသံရုံး၊ ဒါကာမြို့မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လိုအပ်သော အရေးယူမှုများ ပြုလုပ်သွားရန် အကြောင်းကြားတောင်းဆိုခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်တစ်လျှောက်တွင် တပ်မတော်(ရေ)၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့တို့မှ နယ်မြေအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်နယ်နိမိတ် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ခိုးယူခြင်းခံရတဲ့ ကျွဲ၊ နွားများကို ပြန်လည်ရရှိရေးနှင့် သူခိုး၊ ဓားပြများဖမ်းဆီးနိုင်ရေးတို့အတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးမှလည်းကောင်း၊ နှစ်နိုင်ငံအလံတင်အစည်းအဝေးများဖြစ်တဲ့ တပ်ရင်းမှူးအဆင့် အစည်းအဝေး၊ နယ်ခြားစောင့်တပ်ဖွဲ့ ကွပ်ကဲရေးမှူးအဆင့် အစည်းအဝေးများမှလည်းကောင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးမှ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်း ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့အား မိုးကောင်းမြို့၊ နတ်ကြီးကုန်းရပ်ကွက်၊ ဦးပိုင်အမှတ်(၁၃၉)တွင် တည်ရှိပြီး မြေဧရိယာ(၅.၁၃၈)ဧက ကျယ်ဝန်းပါတယ်။ မိုးကောင်းမြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးနဲ့ မြို့မရဲစခန်းရုံးတို့မှ အရာရှိ(၁၉)ဦး၊ အခြားအဆင့်(၆၄)ဦး၊ စာရေးဝန်ထမ်း(၂)ဦး၊ စုစုပေါင်းတပ်ဖွဲ့ဝင်(၈၅)ဦး၊ အိမ်ထောင်သည်(၆၁)ဦး၊ လူပျို(၁၅)ဦး၊ အပျို(၉)ဦးတို့ဖြင့် နယ်မြေလုံခြုံရေး၊ မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ မိုးကောင်းမြို့မရဲစခန်းဝင်းအတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး တစ်ထပ်(၁)လုံး၊ မြို့မရဲစခန်းအချုပ်ပါ တစ်ထပ်(၁)လုံး၊ အရာရှိလုံးချင်း တစ်ထပ်(၄)လုံး၊ (၂)ခန်းတွဲတစ်ထပ်(၉)လုံး၊ (၃)ခန်းတွဲတစ်ထပ်(၃)လုံး၊ (၄)ခန်းတွဲနှစ်ထပ်(၁)လုံး၊ (၆)ခန်းတွဲတစ်ထပ်(၂)လုံး၊ လူ(၁၀)ဦးဆံ့ လူပျိုဆောင်(၁)ဆောင်၊ လက်နက်တိုက်(၁)လုံး၊ ငွေတိုက်(၁)လုံး၊ အုတ်ဘန်ကာ(၁)လုံး၊ (၁)ထပ်ဘန်ကာ ကင်းရုံ(၁)ရုံ၊ (၂)ထပ်ဘန်ကာကင်းရုံ(၂)ရုံ၊ သက်သာဆိုင်(၁)ဆိုင်၊ နားနေဆောင်(၁)ဆောင်၊ ယာဉ်ထိန်းရုံး(၁)ရုံး၊ ကားဂိုဒေါင်(၁)လုံးနဲ့ ဓမ္မာရုံတို့ကို ဆောက်လုပ်ခဲ့သဖြင့် စုစုပေါင်းအဆောက်အအုံ(၃၅)လုံး၊ နေအိမ်လိုင်းခန်း(၅၁)ခန်းရှိပါတယ်။

အဆိုပါ နေအိမ်လိုင်းခန်းများ စိစစ်ခဲ့ရာမှာ (၃)ခန်းတွဲ တစ်ထပ်(၂)လုံးမှာ ပြုပြင်ရန် လိုအပ်လျက်ရှိနေသော်လည်း လက်ရှိအခြေအနေမှာ နေအိမ်လိုင်းခန်း လိုအပ်ချက်အရ တပ်ဖွဲ့ အစီအစဉ်ဖြင့် ပြုပြင်နေထိုင်လျက်ရှိပါတယ်။ မိုးကောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့မှာ အိမ်ထောင်သည် (၆၁)ဦးရှိသည့်အနက် (၄၉)ဦးမှာ နေအိမ်လိုင်းခန်း(၄၉)ခန်းတွင်လည်းကောင်း၊ အပျို(၉)ဦးမှာ နေအိမ်လိုင်းခန်း(၂)ခန်းတွင်လည်းကောင်း၊ လူပျို(၁၂)ဦးမှာ လူပျိုဆောင်တွင်လည်းကောင်း၊ ကျန်အိမ်ထောင်သည် (၁၂)ဦးနှင့် လူပျို(၃)ဦးမှာ ပြင်ပတွင်လည်းကောင်း ငှားရမ်းနေထိုင်လျက်ရှိပါတယ်။

မိုးကောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့ရှိ အဆောက်အအုံများမှာ နှစ်ကာလကြာမြင့်ပြီး ခေတ်ကာလနှင့်လျော်ညီမှုမရှိခြင်း၊ အမြင်တင့်တယ်မှုမရှိခြင်း၊ ဖွဲ့စည်းပုံအင်အားအရ ဖြည့်ဆည်းမည့်တပ်ဖွဲ့ဝင်များ ပြင်ပတွင် ငှားရမ်းနေထိုင်သည့် အိမ်ထောင်သည်(၁၂)ဦး၊ လူပျို(၃)ဦးတို့အတွက် ခေတ်နှင့်လျော်ညီတဲ့ (၆)ခန်းတွဲနှစ်ထပ်(၁)လုံးနှင့် လူ(၃၀)ဦးဆံ့ လူပျိုဆောင်(၁)ဆောင်တို့အား ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရုံး၊ ရဲစခန်း၊ တပ်ရင်းတပ်ဖွဲ့များ သင်တန်းကျောင်းများ၌ ယခင်ဆောက်လုပ်ခဲ့တဲ့ အဆောက်အအုံများမှာ နှစ်ကာလကြာမြင့်ပြီဖြစ်သည့်အတွက် ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်၍ အစားထိုးဆောက်လုပ်ရန်နှင့် တိုးချဲ့ဖွဲ့စည်းလာတဲ့ တပ်ဖွဲ့ဝင်များအတွက် လိုအပ်တဲ့ အဆောက်အအုံသစ်များဆောက်လုပ်ရန် လိုအပ်ချက်အပေါ် ဦးစားပေးအစီအစဉ်အလိုက် ဆောက်လုပ်နိုင်ရေးအတွက် နှစ်စဉ်ဘဏ္ဍာငွေ တင်ပြတောင်းခံခဲ့သော်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေအခြေအနေအရ တင်ပြတောင်းခံမှုအပေါ် စိစစ်ခွင့်ပြုသဖြင့် ခွင့်ပြုငွေ ရရှိမှုအပေါ်မူတည်၍ ဦးစားပေး သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ပါ၍ မိုးကောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့အတွက် လိုအပ်သောအဆောက်အအုံများဖြစ်သည့် (၆)ခန်းတွဲ နှစ်ထပ်(၁)လုံး၊ လူ(၃၀)ဦးဆံ့ လူပျိုဆောင်(၁)ဆောင်တို့အားဆောက်လုပ်နိုင်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမူလအသုံးစရိတ်တွင် ထည့်သွင်းလျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့၊ မြို့မ(မြေနီကုန်း)ရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ပင်မရုံးခန်း (၄၀ x ၃၀)ပေရှိ အဆောက်အအုံနှင့် (၆)ခန်းတွဲဝန်ထမ်းအိမ်ရာများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၆)လဘတ်ဂျက်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့၊ မြို့မ(မြေနီကုန်း)ရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ပင်မရုံးခန်း (၄၀ x ၃၀)ပေရှိ အဆောက်အအုံနှင့် (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၆)လဘတ်ဂျက်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ စိုက်ပျိုးရေးဦးစီးဌာနတွင် လိုအပ်လျက်ရှိသော အဆောက်အအုံ ကိစ္စနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ်မြေဖြစ်သော ပလက်ဝမြို့နယ်သည် လူဦးရေ(၁)သိန်းကျော်နေထိုင်သော မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ကျေးရွာပေါင်း(၃၈၄)ရွာရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ ကျန်ရစ်သော မြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ချင်းပြည်နယ်ရှိ မြို့နယ်များထဲတွင် စိုက်ပျိုးမြေလယ်ကွက် အများဆုံးရှိသော မြို့နယ်တစ်ခုဖြစ်ပြီး ယခင်နှစ်များက သီးနှံမျိုးစေ့ သိုလှောင်ရုံ၊ မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ပိုးမွှားသိုလှောင်ရုံများ ဆောက်လုပ်ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ယခင် ပိုးမွှားသိုလှောင်ရုံဟောင်း လက်ရှိ စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၊ ပလက်ဝမြို့ပုံဖြစ်ပါတယ်။ ဒါကတော့ အနောက်ဘက် မြင်ကွင်းပုံဖြစ်ပါတယ်။ ဒါကတော့ ပလက်ဝမြို့ စိုက်ပျိုးရေးဌာနပိုင် သီးနှံမျိုးစေ့ သိုလှောင်ရုံ အဆောက်အအုံဟောင်း ဖြစ်ပါတယ်။ ဒါက စိုက်ပျိုးရေးနှင့် ဌာနပိုင် မြေသြဇာသိုလှောင်ရုံအဆောက်အအုံဟောင်း ဖြစ်ပါတယ်ခင်ဗျား။ ဒါက ပိုးသတ်ဆေးသိုလှောင်ရုံ အဆောက်အအုံဖြစ်ပါတယ်ခင်ဗျား။ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။

အထက်တင်ပြပါ အဆောက်အအုံများကို ၁၉၇၆ ခုနှစ်ခန့်ကတည်းက တည်ဆောက်ထားသော အဆောက်အအုံများ ဖြစ်ပါတယ်။ သက်တမ်းအားဖြင့် (၄၂)နှစ်ကြာခဲ့ပြီဖြစ်၍ ယခုအခါ ဟောင်းနွမ်းပျက်စီးလျက်ရှိပါတယ်။ ယခု အသုံးပြုနေသော စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၊ အဆောက်အအုံသည် ယခင် ပိုးမွှားများသိုလှောင်ထားသော အဆောက်အအုံဟောင်းသာဖြစ်၍ လက်ရှိအသုံးပြုနေ

ဆဲပင် ဖြစ်ပါတယ်။ မြို့နယ်တစ်ခုလုံးရဲ့ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမောစေရန် အဆောက်အအုံအသစ် ဆောက်လုပ်ပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်ရှိနေသေးသော အဆောက်အအုံဟောင်းများသည် ယခုအခါ အသုံးမပြုတော့သည့်အတွက် ၎င်းနေရာတွင် ဝန်ထမ်းအိမ်ရာများ၊ နေထိုင်ရန်အိမ်ရာများ ဆောက်လုပ်ပေးဖို့ လိုအပ်ပါတယ်။ အဆောက်အအုံများ တည်ဆောက်နိုင်ရေးကိစ္စကို လက်ရှိစိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ညှိနှိုင်းတိုင်ပင်ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့၊ မြို့မ(မြေနီကုန်း)ရပ်ကွက်တွင်တည်ရှိသော စိုက်ပျိုးရေးဦးစီးဌာန (၄၀ x ၃၀)ပေရှိ မြို့နယ်ဦးစီးမှူး၏ ပင်မရုံးခန်းအဆောက်အအုံနှင့် (၆)ခန်းတွဲဝန်ထမ်းအိမ်ရာများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ယခင်ပိုးမွှားသိုလှောင်ရုံဟောင်း၊ လက်ရှိ စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၊ ပလက်ဝမြို့ မြင်ကွင်းပုံ (ဈဈ)



ပလက်ဝမြို့၊ စိုက်ပျိုးရေးဦးစီးဌာနပိုင် သီးနှံမျိုးစေ့ သိုလှောင်ရုံအဆောက်အအုံ မြင်ကွင်းပုံ (ဈဈ-၁)



ပလက်ဝမြို့ စိုက်ပျိုးရေးဦးစီးဌာနပိုင် ပိုးသတ်ဆေးသိုလှောင်ရုံ အဆောက်အအုံ မြင်ကွင်းပုံ (စုစု-၂)



**မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ် အပါအဝင် မွန်ပြည်နယ်ရှိ ရော်ဘာလုပ်ငန်းများနှင့် စျေးကွက် ပြန်လည်ကောင်းမွန် ဦးမော့လာစေရေးအတွက် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ က မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အပါအဝင် မွန်ပြည်နယ်ရှိ ရော်ဘာလုပ်ငန်းများနှင့် စျေးကွက် ပြန်လည်ကောင်းမွန် ဦးမော့လာစေရေးအတွက် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ မင်္ဂလာပါရှင် လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီး၊ လွှတ်တော်တစ်ရပ်လုံးနှင့် မဲဆန္ဒရှင်ပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေရှင်။ ကျွန်မ ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မ မေးသွားမယ့် မေးခွန်းကတော့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ် အပါအဝင် မွန်ပြည်နယ်ရှိ ရော်ဘာလုပ်ငန်းများနှင့် စျေးကွက်ပြန်လည်ကောင်းမွန် ဦးမော့လာစေရေး အတွက် မွန်ပြည်နယ်အစိုးရအနေနဲ့ မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့်လည်း မည်သို့ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ဟာ စိုက်ပျိုးရေး ကဏ္ဍကို အားထားလုပ်ကိုင်နေရတဲ့ မြို့နယ်ဖြစ်ပါတယ်။ ရော်ဘာစက်ရုံရှိတဲ့ မြို့နယ်လည်း ဖြစ်ပါတယ်။ ဒီစိုက်ပျိုးရေးကဏ္ဍများစွာထဲကမှ ဒီရော်ဘာလုပ်ငန်းဟာလည်း ဘီးလင်းမြို့နယ်ရဲ့ အဓိက စီးပွားရေး တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီရော်ဘာလုပ်ငန်းတွေက အခက်အခဲ အကြပ်အတည်းနဲ့ အခုအခါမှာ

ကြုံတွေ့နေရပါတယ်။ ရော်ဘာဈေးကွက်ကျဆင်းနေခြင်း၊ စိုက်ပျိုးရေးနည်းပညာများ လိုအပ်ခြင်း၊ ဥပမာ အစေ့စိုက်နည်းပညာအစား ကိုင်းဆက်နည်းပညာနဲ့ အစားထိုးခြင်းမျိုး ဖြစ်ပါတယ်။ နောက်ပြီးတော့ လုပ်သားရှားပါးခြင်းတွေကြောင့်လည်း ရော်ဘာစိုက်တောင်သူတွေ အရှုံးပေါ်နေရခြင်းများလည်း ရင်ဆိုင်နေရပါတယ်။ အဲဒီလိုလုပ်သားရှားပါးခြင်းကြောင့် လုပ်သားအဖြစ် လုပ်ကိုင်မယ့်သူတွေကို ထက်ဝက်စား ဒါမှမဟုတ် ရာခိုင်နှုန်းအလိုက်ပေးပြီးတော့မှ ညှိနှိုင်းလုပ်ကိုင်နေရမှုတွေ ရှိလာတယ်။ အဲဒီမှာ ပြဿနာရှိလာတာက ရော်ဘာထဲမှာ အလေးချိန်စီးစေမယ့် သဲတို့၊ ကျောက်ခဲတို့လိုမျိုး ဒီလိုမျိုးဟာတွေကို ရောနှောထည့်သွင်းပြီးတော့မှ ရောင်းချတဲ့အတွက်ကြောင့်မို့လို့ ရောင်းချတဲ့နေရာမှာလည်း အသေးစိတ်ဝယ်ယူသူတွေက မစစ်ဆေးနိုင်ဘူး။ နောက်မှ ပြန်သိရတဲ့အခါကျတော့ ဒါတွေဟာ မျက်နှာပန်းမလှဘဲနှင့် ဈေးကွက်မရတော့ခြင်း၊ ဈေးကောင်းမရတော့ခြင်းတွေလည်း ကြုံတွေ့နေရပါတယ်။ ဒါဟာ မွန်ပြည်နယ် တစ်ခုတည်းမှာမဟုတ်ဘဲနဲ့ ကရင်ပြည်နယ်မှာလည်း အလားတူအဖြစ်တွေ ကြုံတွေ့နေရတယ်လို့ သိရှိရပါတယ်။ ဒါကြောင့် တောင်သူပညာပေး အစီအစဉ်တွေလည်း ထည့်သွင်းပြုလုပ်သင့်ကြောင်း ဒီနေရာမှာ တစ်ပါတည်း အကြံပြုလိုပါတယ်။ ဒီ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တို့အတွင်းမှာ ရော်ဘာလုပ်ငန်း ပြန်လည်ဦးမော့လာမယ်ဆိုရင် ထိုင်းနိုင်ငံကို ထွက်ပြီးတော့ ရော်ဘာစေးခြစ်တဲ့ လုပ်ငန်း သွားရောက်လုပ်ကိုင်နေတဲ့ လုပ်သားယိုစီးမှုကို လျော့ကျသွားနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အပါအဝင် မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ရော်ဘာလုပ်ငန်းများနဲ့ ဈေးကွက် ပြန်လည်ကောင်းမွန် ဦးမော့လာစေရေးတို့အတွက် ကုစားနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာန အနေနဲ့ မည်ကဲ့သို့ ပံ့ပိုးကူညီဆောင်ရွက်ပေးဖို့နဲ့ ဒီလိုမျိုး ပြည်ထောင်စုအဆင့် စီမံချက်တွေရေးဆွဲပြီးတော့ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်မည်လားဆိုတာကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ လင်းဇင်းဆည် ရေဝင်ပေါက်ဧရိယာပြင်နှင့် ရေဝင်ပေါက် အောက်ဖက်ဧရိယာအတွင်းရှိ သဲနုန်း၊ ကိုင်းတောများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေချထားပေးလျက် ဖယ်ရှားရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ လင်းဇင်းဆည် ရေဝင်ပေါက်ဧရိယာပြင်နှင့် ရေဝင်ပေါက်အောက်ဖက်ဧရိယာအတွင်းရှိ သဲနုန်း၊ ကိုင်းတောများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေချထားပေးလျက် ဖယ်ရှားရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနဲ့ လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊

လင်းဇင်းဆည် ရေဝင်ပေါက်ဧရိယာပြင်နှင့် ရေဝင်ပေါက် အောက်ဖက်ဧရိယာအတွင်းရှိ သဲနုန်း၊ ကိုင်းတောများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေချထားပေးလျက် ဖယ်ရှားရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

မေးမြန်းလိုတဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ လင်းဇင်းဆည်ဟာ ၁၉၃၃ ခုနှစ်က တည်ဆောက်ခဲ့တဲ့အတွက် သက်တမ်းအားဖြင့် နှစ်ပေါင်း(၈၅)နှစ် ကျော်ပြီဖြစ်ပါတယ်ခင်ဗျား။ ဆည်မြောင်းဌာနက ပင်စင်ဝန်ထမ်းများရဲ့ ပြောကြားချက်အရဆိုရင် ဆည်ရဲ့သက်တမ်းဟာ အင်္ဂလိပ်အစိုးရက နှစ်(၁၀၀)သတ်မှတ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ လင်းဇင်းဆည်၏အခြေအနေမှာ ဆည်ရေထိပ်ဝင် ဧရိယာရဲ့ အောက်ဖက်တို့မှာ မြေနုသဲနုန်းခုံတွေ ပေါ်များလာခြင်း၊ ဆည်ရေသောက်မြောင်းများမှာ သဲနုန်းများပါဝင်မှု များပြားလာခြင်းကြောင့် စလင်းမြောင်းမတော်ကြီးနှင့် မြောင်းမခွဲများမှာ တိမ်ကောမှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်နေကြောင်း၊ နောက်တစ်ခါ ရေဝင်ပမာဏကလည်း နည်းလာကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီဆည်ကြီးကို မှီခိုပြီးတော့ စိုက်ပျိုးမြေဧကအနေနဲ့ဆိုရင် လယ်စိုက်ဧရိယာဟာ (၃၄၃၃၁)ဧက၊ လယ်ယာစိုက်ပျိုးလုပ်ကိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ၄-၁-၂၀၁၉ နေ့က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးလာရောက်စဉ်မှာ ဆည်မြောင်းများအတွင်းဆည်မှာပိတ်ဆို့နေတဲ့ သဲနုန်းခုံများနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်ရဲ့ မေးခွန်းမှာပါတဲ့ လုပ်ငန်းများကို လုပ်ဆောင်ခြင်းအားဖြင့် အဲဒီဆည်အနီးမှာရှိတဲ့ လင်းဇင်းဆည်၊ လင်းဇင်းရွာလေးရဲ့ချောင်းရေတိုက်စားမှုကိုလည်း အကာအကွယ်ရရှိမယ်လို့ ကျွမ်းကျင်သူပညာရှင်များက ပြောကြားချက်အရ သိရှိရပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ လင်းဇင်းဆည် ရေဝင်ပေါက် ဧရိယာပြင်နဲ့ ရေဝင်ပေါက်အောက်ဖက် ဧရိယာအတွင်းမှာရှိတဲ့ သဲနုန်း၊ ကိုင်းတောများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစ၍ နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေချထားပေးလျက် ဖယ်ရှားရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိ ဓာတ်ပုံအထောက်အထားနဲ့ ပူးတွဲဖော်ပြလျက် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၁။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ရဲ့ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ မြို့နယ်ဦးစီးမှူးရုံး ပင်မရုံးခန်း အဆောက်အအုံနှင့်

(၆)ခန်းတွဲဝန်ထမ်းအိမ်ရာတွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ(၆)လ ဘတ်ဂျက်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်နဲ့စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော် မှ ပေါင်းစပ်ဖြေကြားပေးပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ အဆောက်အအုံတွေကို ကာလကန့်သတ်ချက်နှင့် မေးမြန်းထားတာကိုလည်း တွေ့ရှိရပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်းမှာ အကောင်အထည်ဖော်ပေးဖို့ဆိုတဲ့ ဆန္ဒရှိကြောင်းလည်းပဲ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးဦးစီးဌာန၊ ပလက်ဝမြို့နယ် ဦးစီးမှူးရုံးအတွက် (၈၀x ၄၀ x၁၂) ပေ RC(၁)ထပ်၊ ပလက်ဝမြို့နယ် ဝန်ထမ်းအိမ်ရာ (၆၀x၃၀x၁၀)ပေ (၂)ခန်းတွဲ RC (၁)ထပ် ဆောက်လုပ်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာ ဘတ်ဂျက် တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ခွင့်ပြုချက်ရတာနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ ရဲ့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ် အပါအဝင် မွန်ပြည်နယ်မှာရှိတဲ့ ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ရော်ဘာဈေးကွက် ပြန်လည်ကောင်းမွန်ဦးမော့လာစေရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံရဲ့ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက်ဟာ စတင်စိုက်ပျိုးသည့်မှ ကုန်ချောထုတ်လုပ် ဖြန့်ဖြူးရောင်းချသည့်အထိ တန်ဖိုးကွင်းဆက် တစ်လျှောက်လုံးဟာ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးလျက်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ မိမိတို့မှာရှိတဲ့ နည်းပညာအားနည်းချက် ရင်းနှီးမြှုပ်နှံမှု အကန့်အသတ်၊ လုပ်သားအင်အား အခြေအနေတွေပေါ်မှာ မူတည်ပြီးတော့ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းဟာ လက်ရှိအခြေအနေမှာ အကျဘက်ကို ဦးတည်လာခဲ့တဲ့အနေအထားမျိုး သုံးသပ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ မြန်မာနိုင်ငံရဲ့ အမျိုးသားပို့ကုန် မဟာဗျူဟာ(၁၁)ရပ်မှာ ဦးစားပေးကဏ္ဍအနက် အရေးကြီးတဲ့ကဏ္ဍတစ်ရပ်အဖြစ် ရော်ဘာကို ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိရဲ့ဖြေကြားချက်ကို အထောက်အကူပြုနိုင်ဖို့အတွက် Power Point အသုံးပြုခွင့် ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရော်ဘာစိုက်ဧကဟာ (၁၆)သိန်းကျော်ရှိပါတယ်။ မွန်ပြည်နယ်မှာတင် ဧက(၅)သိန်းခန့်ရှိတဲ့အတွက် တစ်နိုင်ငံလုံး စိုက်ဧကရဲ့ (၃၀)ရာခိုင်နှုန်း ရှိပါတယ်။ တစ်နည်းအားဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွန်ပြည်နယ်ဟာ အဓိကကျတဲ့ ပြည်နယ်တစ်ခုဖြစ်တယ်လို့ ဆိုနိုင်မှာ

ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ စိုက်ပျိုးထုတ်လုပ်မှုအပိုင်း၊ ဈေးကွက်တင်ပို့မှုအပိုင်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ချိတ်ဆက်/ ဆက်စပ်ဆောင်ရွက်မှုအပိုင်းဆိုပြီး အဓိက ကဏ္ဍ (၃)ရပ်ပါဝင်တာကို တွေ့ရပါတယ်။ ယင်းတို့နှင့်စပ်လျဉ်းပြီး မိမိတို့လက်ရှိ စီမံအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းဖြေကြားပါမယ်။

စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး နည်းပညာပေးလုပ်ငန်းများဟာ အခြေခံကျတဲ့ လုပ်ငန်းစဉ်များဖြစ်ပါတယ်။ ရေ၊ မြေနဲ့ကိုက်ညီတဲ့ ရော်ဘာခြံစိုက်နည်း၊ ပြုစုထိန်းသိမ်းနည်း၊ အစေးခြစ်နည်းနှင့် ရော်ဘာပြားထုတ်လုပ်နည်း၊ အခြေခံရော်ဘာမျိုးခွဲနည်း၊ ရော်ဘာအဖူးကူးနည်း စတဲ့ ပညာပေးသင်တန်းများကို မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိတဲ့နည်းတူ ကွင်းမှာ သရုပ်ပြပွဲ၊ စံပြကွက်များ စိုက်ပျိုးပြသခြင်းများကိုလည်းပဲ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တစ်ဖက်မှာလည်းပဲ ပြည်ပနိုင်ငံက တင်သွင်းခဲ့တဲ့ မျိုးများ၊ ပြည်တွင်းရော်ဘာ စပ်မျိုးတွေကို Clone Trial များပြုလုပ်ပြီး ရေ၊ မြေဒေသနှင့်လျော်ညီတဲ့ မျိုးများ ရွေးချယ်သတ်မှတ် ထောက်ခံအကြံပြုထုတ်ပြန်ပေးခြင်းများကိုလည်းပဲ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ စီမံဆောင်ရွက်ခဲ့သလိုပဲ ဌာနပိုင်ခြံတွေက မျိုးကိုင်းပွားခင်းတွေ တည်ထောင်ပြီး ရော်ဘာမျိုးကောင်း မျိုးသန့်များ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

ရော်ဘာသီးနှံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရော်ဘာခြံရှင်ငယ်များရဲ့ အခန်းကဏ္ဍဟာ ကျယ်ပြန့်ပြီး အရေး ပါ ပါတယ်။ သို့သော် ကိုယ်စားလှယ်ကြီးရဲ့ဒေသမှာ မွန်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဆက်စပ်ဌာနများပါဝင်တဲ့ ဦးဆောင်အဖွဲ့၊ လုပ်ငန်းအဖွဲ့တွေဖွဲ့စည်းပြီး ခြံငယ်ရှင်များ မှိုင်းခံရော်ဘာစက်ရုံများတည်ထောင်နိုင်ဖို့အတွက် SME ချေးငွေများ ထုတ်ချေးပေးနိုင်ရေးကိစ္စကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရော်ဘာခြံငယ်ရှင်များအနေနဲ့ အရည်အသွေးမြင့် ရော်ဘာများထုတ်လုပ်နိုင်ပြီး တည်ငြိမ်တဲ့ ဈေးကွက်နှင့်ဈေးနှုန်း ရရှိခံစားနိုင်ဖို့ ရော်ဘာစံချိန်စံညွှန်းနှင့်သင့်လျော်မှန်ကန်တဲ့ ဈေးကွက်တစ်ခုဖြစ်လာစေရေးအတွက် ဈေးပြိုင်စနစ်နှင့် ရောင်းချနိုင်မယ့် ဒေသအလိုက် ရော်ဘာဗဟိုဈေးကွက်ဖွင့်လှစ်သွားရန်ကိုလည်း မကြာမီကာလအတွင်း အကောင်အထည်ပေါ်လာဖို့ စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ မုဒုံမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနပိုင် မြေဧရိယာ (၃၆၈.၂၇)ဧကကျော်ကို ရော်ဘာအခြေခံစက်မှုဇုန်တည်ထောင်နိုင်ဖို့ မွန်ပြည်နယ်အစိုးရအဖွဲ့ကို လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန် စက်ရုံများတည်ထောင်နိုင်ဖို့ ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ထို့အတူ ရော်ဘာစတင်စိုက်ပျိုးပြုစုထိန်းသိမ်းရေး၊ ကုန်ကြမ်းရော်ဘာထုတ်လုပ်ရေးမှသည် ရော်ဘာကုန်ချောထုတ်လုပ်ပြီးသည်အထိ ဆောင်ရွက်နိုင်မယ့် သီးသန့်ရော်ဘာသုတေသနဌာန ထူထောင်ရေးနှင့် မွန်ပြည်နယ်မှာ ရော်ဘာအရည်အသွေး စစ်ဆေးတဲ့ဓာတ်ခွဲခန်း တည်ထောင်နိုင်ရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ရော်ဘာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးမှာ မိမိကုန်ပစ္စည်းရဲ့ အရည်အသွေးကောင်းမွန် မှန်ကန်ကြောင်း အသိအမှတ်ပြုလက်မှတ်ဟာ အလွန်အရေးကြီးတဲ့အနေ အထားမှာ ရှိနေပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးဦးစီးဌာန၊ ရော်ဘာနည်းပညာနှင့် သုတေသနဌာန ဓာတ်ခွဲခန်းမှာ ပြည်ပတင်ပို့မယ့် ရော်ဘာတွေကို နိုင်ငံတကာသတ်မှတ် စံချိန်စံညွှန်းများနှင့်အညီရှိစေဖို့ အရည်အသွေးစစ်ဆေးပေးလျက်ရှိပါတယ်။ ပြည်ပတင်ပို့တဲ့ ပုဂ္ဂလိကရော်ဘာစက်ရုံများမှာရှိတဲ့ ဓာတ်ခွဲခန်းများကိုလည်းပဲ စစ်ဆေးပေးခြင်း၊ သင်တန်းပေးခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အလားတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့အနေနဲ့ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုးပြီး သဘာဝရော်ဘာ အရည်အသွေးစစ်ဆေးခြင်း၊ ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း၊ အသိ အမှတ်ပြုလက်မှတ် ရယူခြင်းလုပ်ငန်းတွေကို တာဝန်ခွဲဝေ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။

ရော်ဘာစက်ရုံတွေရဲ့ ထုတ်လုပ်မှုကို စံအရည်အသွေးသတ်မှတ်ချက်နှင့်အညီ ဓာတ်ခွဲခန်းမှာ စမ်းသပ်စစ်ဆေးသွားမှာဖြစ်ပြီး Myanmar Standard Rubber စံအရည်အသွေးသတ်မှတ်ချက် ထုတ်ပြန်တဲ့အမိန့်ကိုလည်းပဲ ရှင်းလင်းအသိပေးပြီးဖြစ်ပါတယ်။ သို့ဖြစ်တဲ့အလျောက် ခရမ့်ရော်ဘာ တွေကို ဓာတ်ခွဲခန်းမှာ စမ်းသပ်စစ်ဆေးဖို့အတွက် နမူနာကောက်ယူမယ့် အကြိမ်အရေအတွက်ကို ညှိနှိုင်းအတည်ပြုချက်ရယူပြီး အမိန့်ထုတ်ပြန်ဆောင်ရွက်သွားဖို့ စီမံထားရှိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရောက်ဘာ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်တင်ပို့မှု အားကောင်းလာ စေဖို့ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့လည်း အဓိကအရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိနေပါတယ်။ မိမိတို့ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ INGO Care Myanmar အဖွဲ့နဲ့ ပူးပေါင်းပြီး ရော်ဘာအရည်အသွေးမြင့်မားရေးနှင့် အထွက်နှုန်းတိုးတက်စေဖို့အတွက် လိုအပ်တဲ့ ကျွမ်းကျင်မှု နည်းပညာများရရှိရေး ဝန်ထမ်းများ စိုက်ပျိုးသူများအတွက် သင်တန်းပေးနိုင်ရေးအတွက်နဲ့ သုတေသန ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ပြီးတော့ မြန်မာ့ရော်ဘာ အခွင့်အလမ်းမြှင့်တင်ရေး စီမံကိန်း ပထမအဆင့်ကို လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလကနေ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သလို အဆိုပါစီမံကိန်းရဲ့ ဒုတိယအဆင့်အဖြစ် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှာ တိုးချဲ့ဆောင်ရွက်သွားနိုင်ဖို့အတွက်လည်းပဲ နားလည်မှု စာချွန်လွှာ (MOU) လက်မှတ်ရေးထိုးနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လက်ရှိမှာ ရော်ဘာဟာ သဘာဝရော်ဘာထုတ်လုပ်တဲ့ နိုင်ငံများအသင်း (ANRPC) နှင့် အပြည်ပြည်ဆိုင်ရာရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (IRRDB) တို့ကို ဝင်ရောက် ထားပြီးဖြစ်တဲ့အတွက် ရော်ဘာနဲ့စပ်လျဉ်းပြီး မျိုး၊ နည်းပညာ၊ သတင်းအချက်အလက်များ၊ သုတေသန ရလဒ်များကိုလည်း ပိုမိုသိမြင်လာမှာဖြစ်တဲ့အလျောက် ရော်ဘာထုတ်ကုန်ဈေးကွက်နဲ့ ပတ်သက်လို့ လည်း ချိတ်ဆက် ဆောင်ရွက်နိုင်မယ့်အခွင့်အလမ်းများ ရရှိလာမှာဖြစ်ပါတယ်။ မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့နည်းပညာများ၊ တိုးချဲ့ပညာပေးရေးလုပ်ငန်းများ၊ ပံ့ပိုးပေးမှုများနဲ့

အတူ တစ်ဖက်မှာလည်း ဆက်စပ်ဌာနများ၊ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်နေတဲ့ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ Stakeholder များအားလုံး ဟန်ချက်ညီညီပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုနဲ့ မြန်မာ့ရော်ဘာကဏ္ဍ ပြန်လည်တိုးတက်ဦးမော့လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ၏ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ လင်းဇင်းဆည် ရေဝင်ပေါက်ဧရိယာအပြင်နဲ့ ရေဝင်ပေါက်အောက်ဖက်ဧရိယာအတွင်းမှာရှိနေတဲ့ သဲနုန်း၊ ကိုင်းတောတွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစပြီး နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေချထားပေးလျက် ရှင်းလင်းဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ စလင်းချောင်းပေါ်မှာတည်ရှိနေတဲ့ လင်းဇင်းရေလွှဲဆည်ဟာ ယခင်ဗြိတိသျှလက်ထက်ကတည်းက ၁၉၃၃ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ရေလွှဲဆည်ဖြစ်ပါတယ်။ ဆည်ရေသောက်ဧရိယာ ဧက(၃၄၀၀၀)ကျော်ရှိပါတယ်။ လင်းဇင်းရေလွှဲဆည်ကို စလင်းချောင်း၊ သရူးချောင်း၊ မွဲချောင်းများ အပါအဝင် ချောင်းရိုးများမှ ရေစီးဝင်လျက်ရှိပြီး တည်ဆောက်ပြီးစီးခဲ့တဲ့နှစ်ကာလ လွန်စွာကြာမြင့်လာတာနဲ့အမျှ ရေလွှဲဆည် အထက်ဘက်ရေဝပ်ဧရိယာနှင့် ရေလွှဲဆည်အောက်ဘက် ဧရိယာမှာ သဲနုန်းများပို့ချပြီး တိမ်ကောလာလျက်ရှိပါတယ်။ နှစ်စဉ် မိုးရာသီမှာ မိုးသည်းထန်စွာရွာသွန်းလာပါက ရေလွှဲဆည်အထက်ဘက် စလင်းချောင်းမှာ ရေကြီးရေလျှံပြီး ရေပေးမြောင်းပေါက်များ ရေတိုက်စားခံရမှု ဖြစ်ပေါ်လေ့ရှိတဲ့အတွက် မိုးစပါးစိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများ မထိခိုက်စေဖို့အတွက် ထိန်းညှိဆောင်ရွက်နေရတဲ့ အခြေအနေရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ရေလွှဲဆည်မှာ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် စီမံလုပ်ကိုင်လျက်ရှိရာမှာ လွန်ခဲ့တဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုရန်ပုံငွေ ကျပ်(၁၅၇၅)သန်းနှင့် သဲနုန်းကျင်းပေါင်း (၄၀၃၀၀၀)ကျော် တူးဖော်ဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်းပဲ ရေလွှဲဆည်အတွင်း စီးဝင်တဲ့ချောင်းများရဲ့ သဲနုန်းပါဝင်မှု ပမာဏဟာ လွန်စွာများပြားတဲ့အခြေအနေဖြစ်တဲ့အတွက် ရေလွှဲဆည်ရဲ့ရေဝပ်ဧရိယာမှာ သဲနုန်းပို့ချ တိမ်ကောမှုတွေ ထပ်မံဖြစ်ပေါ်ခဲ့ပြီးတော့ ပြန်လည်တူးဖော်ပေးဖို့ လိုအပ်ချက်ရှိနေတာ သုံးသပ်တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် လင်းဇင်းရေလွှဲဆည် သဲနုန်းပို့ချ တိမ်ကောမှုတွေကို တူးဖော်ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်တဲ့မြေပြင်တိုင်းတာမှုများ ဆောင်ရွက်ပြီး ခန့်မှန်းကုန်ကျငွေများကို တွက်ချက်ကာ လိုအပ်တဲ့ရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကစပြီး ပြည်ထောင်စုသာမန်ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မယ့်အစီအစဉ်မှာ နှစ်အလိုက် ထည့်သွင်းလျာထားသွားမှာ ဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုနှင့်အတူ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းကို ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်တဲ့ ဥပဒေအပေါ် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာ ရပ်ခံအပ်ပါတယ်။ ဒီဥပဒေကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များနှင့် အတည်ပြုပြီး ပေးပို့လာတဲ့ အပေါ်မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ထားပါတယ်။ အဲဒီ ပြင်ဆင်ချက် များအပေါ်မှာ ကျွန်တော့်အနေနဲ့ ပုဒ်မ(၂)ခုကို ပြင်ဆင်ဖြည့်စွက်ပြီး ပုဒ်မခွဲ အသစ်တစ်ခုကို ထပ်မံ ဖြည့်စွက်လိုပါတယ်။ ပထမဆုံး ပြင်လိုတဲ့ပုဒ်မက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဈ)က စာသားတွေရဲ့အကြားမှာ အနီရောင်နှင့် ဖြည့်စွက်ဖော်ပြထားတဲ့ အချက်များ ဖြစ်ပါတယ်။ ဒီပုဒ်မက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ တာဝန်များနဲ့ သက်ဆိုင်ပြီးတော့ ဆိုလိုရင်းက ဝန်ကြီးဌာနတစ်ခုက ပြန်တမ်းဝင်အရာရှိတွေအနေနဲ့ အခြားဌာနတစ်ခုကို ပြောင်းရွှေ့ တာဝန်ထမ်းဆောင်လိုတယ်ဆိုပြီး ရာထူးဝန်အဖွဲ့ကို ညှိနှိုင်းလာရင် လိုအပ်တဲ့စိစစ်မှုများ ပြုလုပ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမယ်ဆိုပြီးတော့ ယေဘုယျသဘောမျိုးပဲ ဆိုထားပါတယ်။

ဒီတော့ လိုအပ်တဲ့စိစစ်မှုဆိုတာ ဘာလဲ။ အသက်လား၊ ပညာအရည်အချင်းလား၊ အလိုက်သိ တတ်တာလား။ အမျိုးမျိုး အဓိပ္ပာယ်ကောက်ယူနိုင်ပါတယ်။ တကယ်အရေးကြီးတဲ့အချက်က အဲဒီလို ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် အရာရှိရဲ့ ကျွမ်းကျင်မှုအရည်အသွေးဟာ သူ အခုပြောင်းရွှေ့ တာဝန်ထမ်းဆောင်မည့် ဌာနရဲ့လုပ်ငန်းနှင့် ဆီလျော်အပ်စပ်မှု ရှိ/မရှိဆိုတာက အဓိက အရေးကြီးတဲ့ အချက်ဖြစ်လို့ ဒါကို အတိအကျ စိစစ်ရမှာဖြစ်ပြီး ဒီအချက်ကို ထည့်သွင်းထားရခြင်းဖြစ်ပါတယ်။ ဥပမာ သူ့ရဲ့ မူလမိခင်ဌာနက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သူ ကျင်လည်ခဲ့တဲ့လုပ်ငန်း တွေက လယ်၊ ခြံ၊ မြေလွတ်၊ မြေလပ်တွေ သူဟာ မြေယာနှင့် ပတ်သက်တာ သိတယ်ဆိုပြီးတော့ မြို့ပြအိမ်ရာစီမံကိန်းကို ပို့လိုက်တယ်ဆိုပါစို့။ ဥပဒေလည်း မတူ၊ လုပ်ငန်းနဲ့ Data တွေလည်း မတူ။ မြေသာ တူတာဖြစ်ပါတယ်။ လုပ်ငန်းသဘောသဘာဝအရ ဘာမှမဆိုင်ရင်တော့ သူ့အလုပ်မှာ စမ်းတဝါးဝါး နဲ့ သွားရမယ့်ကိန်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းဆက်စပ်ဖို့က သိပ်ကို အရေးကြီးပါတယ်။ ဒါကြောင့်

အလယ်က အနီရောင်နဲ့ ရေးထားတဲ့ ထိုအရာရှိ၏ ကျွမ်းကျင်မှုနယ်ပယ်သည် ပြောင်းရွှေ့တာဝန် ထမ်းဆောင်မည့်လုပ်ငန်းဌာနနှင့် ကိုက်ညီမှု ရှိ/မရှိ အပါအဝင် အခြားဆိုတဲ့စကားစုကို ဖြည့်စွက်ထား ခြင်းဖြစ်ပါတယ်။

ဒီတော့မှ နိုင်ငံနဲ့ လူမျိုးတွေအတွက် လူမှန် နေရာမှန်မဟုတ်ဘဲ ရမ်းသမ်းပြီး စီမံခန့်ခွဲခြင်း ခံရတဲ့ ဒဏ်ကနေ သက်သာစေမှာဖြစ်ပါတယ်။ နောက်ပုဒ်မတစ်ခုက ရာထူးဝန်အဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ထဲမှာ အဆိုပြုထားတဲ့ ပုဒ်မအသစ် ဖြစ်ပါတယ်။ မူလဥပဒေက ပုဒ်မ ၁၀ မှာ ပုဒ်မခွဲ(၄)ခုပဲ ရှိပါတယ်။ အခု ရာထူးဝန်အဖွဲ့က ပြင်ဆင်ပြီး တင်လာတဲ့ ဥပဒေထဲမှာတော့ ဝန်ထမ်းတွေကို ပျိုးထောင်လေ့ကျင့် ပေးဖို့အတွက် ရည်ရွယ်ပြီး ထပ်မံအဆိုပြုလာခြင်းပဲဖြစ်ပါတယ်။ အဲဒါကို ပြည်သူ့လွှတ်တော်က နည်းနည်းပြင်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော် အတည် ပြုချက်အတိုင်း ဆက်လက်ထားရှိပါတယ်။ ဒီပုဒ်မခွဲရဲ့ ဆိုလိုရင်းက နိုင်ငံ့ဝန်ထမ်းတွေကို ထိရောက်စွာ အလုပ်လုပ်နိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးဖို့ဖြစ်ပါတယ်။ မွမ်းမံသင်တန်းလောက်ပဲ ပေးမယ်ဆိုရင် ဒီပုဒ်မက လုံလောက်ပါတယ်။

ဒါပေမဲ့ ပြီးခဲ့တဲ့ ဒသမအကြိမ် လွှတ်တော် Session တုန်းက ပြည်ထောင်စုလွှတ်တော်မှာ ရာထူးဝန်ပြောသွားတဲ့စကားကို အခြေခံရရင် နိုင်ငံခြားကျောင်းတွေနဲ့ပါ ချိတ်ဆက်ပြီး Academic ကျောင်းတွေဖွင့်၊ Master ဘွဲ့တွေ၊ Doctor ဘွဲ့တွေပေးဖို့ စီစဉ်ထားပုံရပါတယ်။ အခု ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလကနေ ၂၀၁၉ ခုနှစ်၊ မတ်လအထိ ဝန်ထမ်းပေါင်း(၁၇၀၀)ကျော်ကို Civil Service Management ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာနှင့် အဆင့်မြင့်ဒီပလိုမာလက်မှတ်တွေ ထုတ်ပေးထားခဲ့ပြီး ဖြစ်တယ်လို့လည်း သိရပါတယ်။ ဘယ်နိုင်ငံက ဒီလက်မှတ်တွေကို အသိအမှတ်ပြုတယ်ဆိုတာတော့ ကျွန်တော်တို့ မသိပါဘူး။ ဒါကြောင့် ဒီပုဒ်မခွဲ(င) ရဲ့နောက်မှာ ပုဒ်မခွဲ(စ)ကို ထပ်မံဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီဘက်ခေတ်မှာ သက်ဆိုင်ရာအစိုးရတွေ အသိအမှတ်မပြုထားတဲ့ ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ ပိုက်ဆံပေးရင် အဲဒီကျောင်းတွေ အဆင့်မီဖြစ်ကြောင်း လိမ်ညာ ထောက်ခံချက်ပေးတဲ့အဖွဲ့အစည်းတွေ၊ အဲဒီကျောင်းတွေကပေးတဲ့ ဂုဏ်ထူးဆောင်ဘွဲ့တွေကို Ph.D ဆိုပြီးတော့သုံးနေတဲ့ Doctor တွေ သိပ်ပေါနေလို့ဖြစ်ပါတယ်။ လေ့လာဆန်းစစ်မှုအားနည်းရင် ဒီ လှည့်ဖြားမှုကို ခံသွားရနိုင်သလို တစ်ဖက်မှာလည်း နိုင်ငံတော်သိက္ခာ၊ အစိုးရသိက္ခာ အဆင့်ရှိမှန်း၊ မရှိမှန်း မသိဘဲနဲ့ မခွဲခြားနိုင်လို့ သိက္ခာကျရပါတယ်။

တစ်လောက နိုင်ငံတော်သမ္မတရုံးက ဗဟိုဝန်ထမ်းတက္ကသိုလ်(၂)ခုနှင့် ချိတ်ဆက်ထားတဲ့ ဟာဝိုင်ရီက တက္ကသိုလ်တစ်ခုနဲ့ မလေးရှားနိုင်ငံက ကျောင်းတစ်ကျောင်းဟာ သူတို့နိုင်ငံ အစိုးရက အသိအမှတ်ပြုထားတဲ့ အဆင့်မီကျောင်းတွေမဟုတ်လို့ အဆက်အသွယ်ဖြတ်လိုက်ရပါပြီဆိုပြီး ကြေညာချက် ထုတ်လိုက်ရခြင်းဟာ ဒီတာဝန်ရှိသူတွေက သူတို့သဘောနဲ့သူတို့ သေချာမစူးစမ်းဘဲ ချိတ်ဆက်ခဲ့ကြလို့ ဖြစ်ပါတယ်။ နောက်ဆက်တွဲပြဿနာက ဒီကျောင်းတွေကပေးတဲ့ ဘွဲ့လက်မှတ်ပိုင်ရှင် ဘယ်နှစ်ယောက် မြန်မာနိုင်ငံမှာရှိနေပြီလဲ။ ဒီဘွဲ့တွေကိုရော မြန်မာအစိုးရက အသိအမှတ်ပြုမှာလား။ ကုန်ကျခဲ့တဲ့ နိုင်ငံတော်ဘဏ္ဍာတွေအတွက် ဘယ်လိုလုပ်မှာလဲ။ ဒါတွေကို အစိုးရဘက်က အရေးယူဆောင်ရွက်ဖို့ လိုသလို ကျွန်တော်တို့ ဥပဒေပြုသူများကလည်း နောင် ဒါမျိုးမဖြစ်စေဖို့အတွက် ဒီပုဒ်မခွဲ(စ)ကို ထပ်မံ ဖြည့်စွက်ပြီး ကာကွယ်ထားရမှာဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုက ပုဒ်မ ၁၂ ဖြစ်ပါတယ်။ ဒါလည်းပဲ ရာထူးဝန်ရဲ့ လုပ်ပိုင်ခွင့် ပုဒ်မပဲ ဖြစ်ပါတယ်။ ဒီမှာရေးထားချက်အရ ကျွမ်းကျင်မှုဆိုင်ရာအကူအညီကို ပြည်တွင်းကရော ပြည်ပကပါ တောင်းခံလို့ရနေပါတယ်။ ကန့်သတ်မထားပါဘူး။ ပြည်ပကနေ တောင်းခံရင် Consultant Fee ပေးရ တော့မှာဖြစ်ပါတယ်။ နိုင်ငံခြားသားတစ်ဦးရဲ့ Consultant Fee ဟာ ဘယ်လောက်ဈေးကြီးတယ်ဆိုတာ ဘတ်ဂျက်တွေမှာ အမြဲဝေဖန်ထောက်ပြနေကြဖြစ်လို့ ကိုယ်စားလှယ်တော်အားလုံးလည်း အသိဖြစ်ပါ တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ ဒီ အကြံပေးကို မခေါ်ခင် အတု၊ အစစ် ခွဲခြားနိုင်ဖို့နဲ့ ဈေးမမေးဘဲနဲ့ တက်စီးမိလို့ ဈေးကြီးမိတဲ့ တက္ကစီ စီးသမားလိုအဖြစ်မျိုး မဖြစ်ရလေအောင် ပုဒ်မ ၁၂ ရဲ့နောက်မှာ ထိုကျွမ်းကျင်သူပုဂ္ဂိုလ်သည် နိုင်ငံရပ်ခြားနှင့် စပ်ဆက်နေပါက ထိုသူနှင့် ပတ်သက်သည့် အချက်အလက်များ၊ ခန့်မှန်းကုန်ကျမည့် စရိတ်စကများကို တွက်ချက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ထံ ကြိုတင် တင်ပြ၍ အတည်ပြုချက် ရယူရမည်ဆိုပြီး ထပ်မံဖြည့်စွက်လိုပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဝင်းရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တရားလွှတ်တော် ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၂၃ - ၈ - ၂၀၁၈ ရက်နေ့ တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ ၄-၁၂-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တရားလွှတ်တော်ရှေ့နေများ ကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၂ - ၃ -၂၀၁၉ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၁၀ - ၈ - ၂၀၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၃၀ - ၁၁ - ၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၂ - ၃ -၂၀၁၉

(အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက်များရရှိရေး မြေယာမှတ်ပုံတင် လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက် ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင် ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေး နှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက် များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေ မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကူအညီများကို ရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်ရောစိတ်ပါ ချမ်းမြေ့ကြပါစေကြောင်း မေတ္တာရှေ့ထား၍ လေးစားစွာ ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့အဆိုကို ထောက်ခံတင်ပြမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံခေတ်အဆက်ဆက်က နိုင်ငံရေး၊ စီးပွားရေးကျွမ်းကျင်သူများရဲ့ ဆိုရိုးစကားတစ်ခု ရှိပါတယ်။ အဲဒါကတော့ မြန်မာနိုင်ငံလို စိုက်ပျိုးထုတ်လုပ်မှု အရေးပါတဲ့ နိုင်ငံမှာ မြေယာတော်လှန်ရေး အောင်မြင်စွာဆင်နွှဲနိုင်တဲ့ အစိုးရတစ်ရပ်သာလျှင် တောင်သူလယ်သမားအများစုကို အမှန်တကယ်အကျိုးပြုတဲ့ အစိုးရတစ်ရပ်ဖြစ်မယ်လို့ ညွှန်ပြခဲ့ကြပါတယ်။ မြေယာတော်လှန်ရေးဆိုတာ မြေယာစနစ်နှင့် မြေယာအပေါ် မှီခိုလုပ်ကိုင်နေကြတဲ့ တောင်သူလယ်သမားတွေအတွက် အကျိုးသက်ရောက်မှုနည်းတဲ့ ဥပဒေကို ဖယ်မယ်။ အကျိုးသက်ရောက်မှုနည်းတဲ့ နည်းစနစ်ကို ဖယ်မယ်။ အကျိုးသက်ရောက်မှုကို အဟန့်အတားဖြစ်စေတဲ့ လူအုပ်စုတွေကို အားနည်းမှေးမှိန်စေမယ့်ကိစ္စရပ်များဖြစ်သလို တောင်သူလယ်သမားတွေရဲ့ မြေယာပိုင်ဆိုင်မှုကို အာမခံတဲ့၊ စားဝတ်နေရေး၊ လူမှုရေးသက်သာချောင်ချိစေတဲ့ ပြောင်းလဲမှုမျိုးကို မြေယာတော်လှန်ရေးလို့ တင်စားတာဖြစ်ပါတယ်။ အခုလက်ရှိ တွေ့ကြုံနေရတဲ့ ကျွန်တော်တို့ မဲဆန္ဒနယ်မြေတွေမှာတော့ အထင်ရှားဆုံးနှင့် လူသိအများဆုံးပြဿနာတစ်ခုကတော့ ဒီလယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇)ရရှိရေး ပြဿနာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နယ်မြေ လယ်ယာမြေတွေမှာ တချို့ဆိုရင် အကွက်အမှတ်၊ ဦးပိုင်အမှတ် မှန်ပါတယ်။သို့သော် ပိုင်ဆိုင်ခွင့်ရသူရဲ့နာမည် လွဲပါတယ်။ တစ်ခါ ဒီအကွက်၊ ဒီ ဦးပိုင်အမှတ်ကိုပဲ နာမည်နှစ်မျိုးဖြစ်တော့ လျင်တဲ့လူက ပုံစံ(၇) အရယူသွားလို့ နောက်လူက ဒီ အကွက်၊ ဒီ ဦးပိုင်အမှတ်ကိုပဲ ပုံစံ(၇) လျှောက်လို့မရတဲ့ ပြဿနာရှိပါတယ်။ တစ်ခါတလေလည်း အကွက်နဲ့ဦးပိုင်မှန်ပေမယ့် ဧက လွဲနေတာ။ ဥပမာဆိုရင် (၁.၅၇)ဧကကေ (၅.၀၇)ဧကဆိုပြီး ပုံစံ(၇) ထွက်ထားပါတယ်။ ပိုဆိုးတာက ရွာမှာ သူပိုင်တာ လုပ်တာရယ်လို့ အစဥ်အဆက် ဘာမှမရှိတဲ့လူက ပုံစံ(၇)ပိုင်နေတာပါ။ အဲဒီလို လွဲမှားတဲ့ပြဿနာတွေက အရင်းစစ် အမြစ်မြေကဆိုသလို တစ်ခုသော ကိစ္စရပ်တစ်ခုဖြစ်တဲ့ ဒီနှစ်ကာလကြာမြင့်ပြီဖြစ်တဲ့ မြေပုံတွေကို အခြေခံပြီးဆောင်ရွက်တဲ့အတွက် ဒီ မသေချာ မရေရာမှုတွေဖြစ်တာပါလို့ အများက လက်ခံနေကြပါတယ်။ ဒါ လယ်ယာမြေနဲ့ ပတ်သက်တဲ့ ပညာရှင်တွေကလည်း အားကိုးအားထားပြုလောက်တဲ့ ဥပဒေ၊ ကျွမ်းကျင်ပြီး ကျင့်ဝတ်ကောင်းတဲ့ အရာထမ်း၊ အမှုထမ်းတွေလိုသလို တြိဂံအနားလိုပဲ နောက်တစ်ခုကတော့ သူတို့အဆိုပေါ့နော် Essential tool လို့ခေါ်တဲ့ မရှိမဖြစ်လိုအပ်တဲ့ လုပ်ငန်းသုံးကိရိယာတန်ဆာပလာတွေပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဟောင်းနွမ်းကြာမြင့်နေတဲ့ ခေတ်နှင့်မညီတဲ့ မြေပုံတွေအစား တစ်ခုတည်းသော ခေတ်နှင့်ညီတဲ့ မြေပုံစနစ် လိုအပ်ပြီဆိုတာ ထင်ရှားပါတယ်။ ဒီမှာလည်းပဲ တိုးတက်တဲ့နည်းပညာကို အခြေခံတဲ့ကိရိယာရဲ့အရည်အသွေးကို သူတို့တင်စားတဲ့ စာလုံးလေး အင်္ဂလိပ်စာလုံး (၄)လုံးရှိပါတယ်။ အဲဒါကတော့ OMMO ဆိုတဲ့ စာလုံး(၄)လုံးပါ။ ပထမ O ကတော့ Only one click ခလုတ်ကလေးတစ်ချက်နှိပ်လိုက်ရုံပါပဲ။ နောက် M ကတော့ More Data အချက်အလက်တွေ အများကြီးထွက်လာလိမ့်မယ်။ နောက် M ကတော့ The most accurate တိကျမယ်။ ခိုင်လုံတယ်။ အားကိုးရတယ်။ နောက်ဆုံး O ကတော့ Out Come ရလဒ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို ကလစ်တစ်ချက်နှိပ်ရုံနဲ့ အချက်အလက် အများအပြားထွက်ပြီး တိကျခိုင်လုံမှု အမြင့်ဆုံးဖြစ်တဲ့ရလဒ်တွေ ဖြစ်ပေါ်မယ့် မြေပုံမျိုး လိုအပ်ပါတယ်။

ဒါမှသာ ဒီမြေပုံပေါ် အခြေတည်ပြီး မြေယာမှတ်ပုံတင်စနစ် လုပ်ရမှာပါ။ မြေယာမှတ်ပုံတင်စနစ်ဆိုတော့ မြေယာကို တောင်သူလယ်သမားတွေ အမြဲတစေလက်ဝယ်ထား ပိုင်ဆိုင်ခွင့်တို့၊ လက်ဝယ်ထား

အသုံးပြုခွင့်တို့ မြေအမျိုးအစားလိုက်ပြီးတော့ သူက ဘယ်လို အခွင့်အရေးရမလဲ။ ဘယ်လိုရပိုင် ခွင့်ရှိမယ်။ ဘယ်လိုအသုံးပြုခွင့်ရှိမယ်ဆိုတာတွေကို မှတ်တမ်းတင်တာပါ။ ဒီလို မြေယာမှတ်ပုံတင် လုပ်ငန်းတွေလုပ်ရင် ပင်မအကျိုးကျေးဇူး(၉)ခုနဲ့ ဆက်နွှယ်တဲ့ အကျိုးကျေးဇူးတွေ ရမှာပါ။ ပင်မ အကျိုးကျေးဇူး(၉)ခုကတော့ တောင်သူလယ်သမားတွေ မြေယာပိုင်ဆိုင်မှု၊ လုပ်ပိုင်ခွင့် စိတ်ချရမယ်။ မြေယာရောင်းဝယ်ပြောင်းလဲမှုတွေ စိတ်ချလက်ချ လုပ်ကိုင်နိုင်လို့ မြေယာဈေးကွက်တွေ ဖြစ်ထွန်းမယ်။ မြေယာအငြင်းပွားမှုတွေ လျော့မယ်။ မြေခွန်၊ ရေခွန်တွေ အတိအကျ တောင်းခံနိုင်မယ်။ ဧကအမှန်၊ သီးနှံ အမှန်နှင့် စီမံကိန်းတွေ ပိုပြီးတော့မှန်မယ်။ ရွာမြေ၊ မြို့မြေတွေ တိတိကျကျ သတ်သတ်မှတ်မှတ် ထွက်လာမယ်။ နိုင်ငံပိုင်မြေယာတွေကိုလည်း စနစ်တကျဖော်ထုတ်နိုင်မယ်။ မြေယာတွေ ပြုပြင်ပြောင်းလဲ သည့်အခါမှာလည်း စိတ်ချ၊ လက်ချ အနှောင့်အယှက် ကင်းကင်းလုပ်နိုင်မယ်။ သဘာဝပတ်ဝန်းကျင် စီမံမှုတွေကိုလည်း အထောက်အကူပြုနိုင်မယ်ဆိုတဲ့ အကျိုးကျေးဇူးတွေရမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ၏ အဆို အနှစ်ချုပ်ဖြစ်တဲ့ နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းနှင့် ပြည်တွင်း/ပြည်ပပညာရှင်များရဲ့ အကူအညီ ယူပြီးတော့ မြေယာမှတ်ပုံတင်ခြင်းမှာ အခြေခံရမည့် တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုရေးနှင့် မြေယာမှတ်ပုံ တင်ခြင်းလုပ်ငန်းကို နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအား လေးစားစွာ ထောက်ခံအပ်ပါတယ်။ အားလုံးကို လေးစားစွာ ဂါရဝပြုပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၉။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ အဆိုအား ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရဲ့အနှစ်ချုပ်ကတော့ နိုင်ငံတော်အစိုးရအနေနှင့် မြေယာအုပ်ချုပ်ရေး မှာ ထိထိရောက်ရောက်မှန်မှန်ကန်ကန် စီမံခန့်ခွဲနိုင်ဖို့အတွက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်လုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုပဲ ဖြစ်ပါတယ်။ အဆိုအရ ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ဖို့အတွက်ဆိုတဲ့ အတွက်ကြောင့် မြေယာစီမံခန့်ခွဲမှုတွေမှာ အားနည်းခဲ့တယ်ဆိုတာ သေချာပါတယ်။ ဒါကြောင့် အစိုးရသစ် လက်ထက်မှာ ဗဟိုမှ ရပ်ကွက်/ကျေးရွာအထိ မြေယာစိစစ်ရေးကော်မတီတွေ ဖွဲ့ပြီးတော့ မြေယာ ကိစ္စများကို ဖြေရှင်းနေရတာဟာ သက်သေပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် လွှတ်တော်က ဆွေးနွေးမေးမြန်းခဲ့ကြတဲ့ အရာတွေထဲမှာ မြေယာ ကိစ္စဟာ အများဆုံး ပါ ပါတယ်။ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေရိုင်းဥပဒေ၊ သစ်တောဥပဒေ၊

မြေသိမ်းနှင့်ပတ်သက်တဲ့ဥပဒေ၊ ထို့အပြင် အဆိုများမှာဆိုလို့ရှိရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဆို၊ ဒေါက်တာပြည့်ဖြိုး ရဲ့ မြေအသုံးချမှုဝါဒအဆို၊ ဆရာဦးမျိုးဝင်း ရဲ့ မြေယာကော်မတီများ တည့်မတ်ထိန်းကျောင်းရေးအဆိုတို့ကို ကြည့်ရင် မြေပြင်မှာ မြေယာစီမံခန့်ခွဲမှုဟာ ဘယ်လောက်တောင်အားနည်းနေတယ်ဆိုတာ ဖော်ပြနေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို အပြင်မှာ နာမည်ပြောင်အနေနဲ့ ပထဝီဝင်လွှတ်တော်လို့ ပေးရလောက်အောင် ဖြစ်နေပါတယ်။ ဆရာဦးလှမြင့်သန်း တင်တဲ့ တစ်မျိုးတည်းသော မြေပုံစနစ် ပြုလုပ်ရေးအဆိုဟာ ဖြစ်သင့်ဖြစ်ထိုက်၊ လုပ်သင့်လုပ်ထိုက်တဲ့ အဆိုတစ်ရပ်ဖြစ်ပါတယ်။ ဒီတစ်မျိုးတည်းသော မြေပုံစနစ်ကို အကောင်အထည်ဖော်နိုင်လို့ ဌာနတိုင်းက ဒီမြေပုံကိုပဲ အသုံးပြုကြမယ်ဆိုရင် စီမံခန့်ခွဲမှုဟာ ထိရောက်မှန်ကန်ပြီးတော့ မြန်ဆန်လာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ One Map Project အကောင်အထည်ဖော်ခဲ့မယ်ဆိုရင် စောစောက ရှေ့ကကိုယ်စားလှယ်ကြီးဆွေးနွေးသွားသလို Online မြေပုံပေါ်မှာ Click တင်လိုက်တာနဲ့ ဒီမြေပုံ၊ ကွက်လပ်ဟာ ဘယ်တိုင်း၊ ဘယ်ပြည်နယ်က မြေပုံဖြစ်တယ်။ ဘာမြေအမျိုးအစားဖြစ်တယ်။ ဘယ်သူ၊ ဘယ်အဖွဲ့အစည်းက ပိုင်ဆိုင်တယ်။ ဘာစီမံကိန်းတွေဖြစ်တယ် ဆိုတာကို တိတိကျကျ သိရမှာဖြစ်ပါတယ်။ ဒ့ါအပြင် နှစ်ရှည်လများကြာလို့ ဌာနအားလုံးက ပူးပေါင်းဆောင်ရွက်လို့ နည်းပညာတွေမြင့်လာမယ်ဆိုရင် ဒီမြေပုံပေါ်မှာရှိတဲ့ Data အချက်အလက်တွေထဲမှာ ဒီမြေအတွက် အခွန်ဘယ်လောက်ဆောင်ထားတယ်။ ဘယ်သူတွေ၊ ဘယ်လောက်များ ပိုင်ထားတယ်ဆိုတာကအစ သိနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ သယံဇာတအနေနဲ့ လူနှင့်မြေပဲ ကျန်ပါတော့တယ် ခင်ဗျား။ လူသယံဇာတနှင့် မြေသယံဇာတကို ကောင်းကောင်းအသုံးချနိုင်မှ နိုင်ငံပြန်လည်ထူထောင်ရေးဟာ ထိရောက်မှာဖြစ်ပါတယ်။ ထို့အတွက် လိုအပ်တာထက်၊ လုပ်နိုင်တာထက် မြေကို မပိုင်ဆိုင်ချင်တော့လောက်အောင် စီမံခန့်ခွဲမှုတွေ၊ အခွန်ကောက်တာတွေ၊ ဥပဒေပြဋ္ဌာန်းတာတွေ၊ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ဖို့အချိန်တန်ပြီဖြစ်ပါတယ်။ ဒီအထဲမှာ One Map Project ဟာ အဓိကတစ်ရပ်အနေနဲ့ ပါဝင်နေပါတယ်။ One Map Project ကို ၂၀၁၅ ခုနှစ်မှာ စတင်နေပြီလို့သိရပါတယ်။ ဒါပေမဲ့ ဘာအဆိုပဲတင်တင် ဟိုစပ်စပ်ဒီစပ်စပ်နှင့် လုပ်ဆောင်နေပြီဆိုတာကို ဖြေကြားတာကို သိရပါတယ်။ ကျွန်တော် ဒီအဆိုကို ထောက်ခံဆွေးနွေးရတာတော့ ထိထိရောက်ရောက်နှင့် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်လိုတဲ့အတွက် ဒီအဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းခဲ့တဲ့ အဆိုကို ဒေသဆိုင်ရာ အကိုးအကားများနှင့်

ထောက်ခံဆွေးနွေးသွားပါမယ်။ Power Point အသုံးပြုခွင့်တောင်းခံအပ်ပါတယ်။ နိုင်ငံတိုင်းလိုလို ကြွေးကြော်လေ့ရှိတဲ့ ဒါတို့ပြည်၊ ဒါတို့မြေဆိုတာ ဒီမြေကို ကိုယ့်နိုင်ငံသူ၊ နိုင်ငံသားတွေအတွက် အမှန်တကယ်အကျိုးရှိအောင် စီမံခန့်ခွဲနိုင်မှသာ ဒါငါတို့ပိုင်တဲ့မြေလို့ ဇာတိမာန်တက်ရကျိုးနပ်ပါ လိမ့်မယ်။ မြေယာကို စနစ်တကျ စီမံခန့်ခွဲနိုင်ဖို့အတွက်ဆိုရင် တိကျမှန်ကန်တဲ့ တစ်မျိုးတည်းသော မြေပုံစနစ်နှင့် မှတ်တမ်းတင်နိုင်ဖို့ အရေးကြီးလှပါတယ်။ ဒါကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်ကြပြီ ဆိုရင်တော့ မြေယာနဲ့ ပတ်သက်တဲ့ အငြင်းပွားမှုပြဿနာတွေ လျော့ပါးပျောက်ကွယ်လာပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ GIS(Geographic Information System) သို့မဟုတ် Computerized Mapping System လို့ခေါ်ဆိုနိုင်တဲ့ နည်းပညာပိုင်းဆိုင်ရာ မြေပုံစီမံကိန်းလို့ နားလည်အပ်တဲ့ အချက်အလက်ပေါင်းများစွာ အဓိပ္ပာယ်ဖော်ထားတဲ့ ကွန်ပျူတာစနစ်သုံး မြေပုံ ပညာရပ်ကြောင့် လူမှုသတင်းများစွာ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ သဘာဝဘေးဒဏ်ဆိုင်ရာ ရာသီဥတုကအစ GIS ကိုသုံးပြီး လိုရင်လိုသလို Sector တိုင်းမှာ အချက်အလက်များစွာကို ဆွဲထုတ် အသုံးပြုနိုင်လို့ပဲဖြစ်ပါတယ်။ ဥပမာ မြေယာအငြင်းပွားမှုများ၊ ကျယ်ပြန့်စွာဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံလို နေရာမျိုးမှာ အတူတကွ ပူးပေါင်းအတည်ပြုစစ်ဆေးထားတဲ့ မြေပုံကို လက်နက်သဖွယ် အသုံးပြုပြီး အငြင်းပွားမှုတွေကို ဖြေရှင်းနိုင်ပါတယ်။ နိုင်ငံ့စီးပွားရေးအတွက် နိုင်ငံတကာကနေ ရင်းနှီးမြှုပ်နှံမှု အများအပြား လာရောက်နိုင်ဖို့ မျှော်လင့်ချက်ထားနေရချိန်မှာ အရှုပ်အရှင်းကင်းကင်းနဲ့ သင့်လျော်တဲ့ ဈေးနှုန်းရှိမယ့် မြေယာအကျယ်အဝန်းကို လွယ်လင့်တကူ ဖန်တီးပေးရပါလိမ့်မယ်။ မြေအရင်းအမြစ် တွေကို မှန်ကန်စွာစီမံနိုင်ဖို့ဆို မြေပုံစနစ်ဟာ အလွန်အရေးကြီးလှပါတယ်။

နိုင်ငံရဲ့ လက်ရှိမြေအသုံးချမှုစနစ်တွေမှာ ရှုပ်ထွေးနေရုံမက မတူညီတဲ့ဌာနတွေက မတူညီတဲ့ ဥပဒေတွေနှင့် စီမံနေတာမျိုး မဖြစ်သင့်ပါဘဲ၊ တိကျရှင်းလင်းမှုမရှိရင် စီမံခန့်ခွဲရာမှာ ခက်ခဲနေမှာ ဖြစ်ပါတယ်။ အသေးစားစိုက်ပျိုးရေးလုပ်ငန်းတွေအတွက် မြေနဲ့ပတ်သက်တဲ့ မြေပုံတွေ အားနည်း နေရုံမက စာရွက်ပေါ်က အချက်အလက်တွေဟာ အဂတိဖြစ်ဖို့ အားပေးသလိုတောင် ဖြစ်နေပါတယ်။ ရေရှည်ဖွံ့ဖြိုးမှုရဖို့ဆိုရင် မြေအသုံးချအစီအမံတွေ အရေးပါသလို မတူညီတဲ့ သတင်းအချက်အလက် တွေနဲ့ ပြည့်စုံတိကျတဲ့ မြေပုံဖြစ်တာနှင့်အမျှ ကန့်သတ်မှုရှိတဲ့ မြေအရင်းအမြစ်တွေကို ပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံမှာ လူဦးရေ (၇)သန်းရှိစဉ်ကာလမှာတောင် နှစ်(၂၀)ကြာ အောင်ကြိုးစားမှ အသုံးတည့်တဲ့မြေပုံကိုရရှိခဲ့ပြီး အနာဂတ်ကို မျှော်ကိုးစဉ်းစားပြီးမှ လုပ်ခဲ့ကြတာ ဖြစ်လို့ ခုလည်းပဲ အဆိုရှင်ရဲ့ စေတနာက ဒီသဘောဆောင်လိမ့်မယ်လို့ ယုံကြည်ရပါတယ်။

ဒီလို စနစ်ကျနမှုရှိစွာနဲ့ Data များစွာပါဝင်တဲ့ မြေပုံညွှန်းမရှိခဲ့လို့ အချက်အလက်တွေ အားနည်းခဲ့လို့ နှစ်ပေါင်းများစွာ ဆုံးရှုံးခဲ့ရတဲ့၊ နောက်လည်း နစ်နာနိုင်ဖွယ်ရှိတဲ့ သယံဇာတဆိုင်ရာ သတင်းအချက်အလက်တစ်ခုကို ကြုံတုန်းမျှဝေချင်ပါတယ်။ ကချင်ပြည်နယ်ထဲမှာ အဖိုးတန် သစ်တောတွေ တွင်းထွက်သယံဇာတတွေအပြင် ရွှေနှင့်အခြားသတ္တုတွေများစွာ ထွက်ရှိနေတဲ့အထဲက မြေရှား သတ္တုလို့ခေါ်တဲ့ Rare Earth Element (REE)သတ္တုတစ်မျိုး နေရာအနှံ့ထွက်ရှိနေပေမယ့်လည်း မသိသူကျော်သွား သိသူဖော်စားဆိုတဲ့ စကားအတိုင်းပါပဲ။ အဆိုပါ သတ္တုတွေကို ကာလများစွာ တစ်ဖက်နိုင်ငံဆီ နေ့ရောညပါ အလွန်အကျွံထုတ်ယူနေကြတာဟာ တာဝန်ရှိသူတွေ သိဖို့မပြောနဲ့ သတင်းပေးလာရင်တောင် ဝေးဝေးရှောင်နေလို့ ဒေသခံတွေ စုရုံးကာ လူဦးရေ (၈၅၉)ယောက်ကြီးတောင်

လက်မှတ်ရေးထိုးပြီး တိုင်ကြားလာတဲ့ အကြောင်းသတင်းကို အရင်းစစ်ရမယ်ဆိုရင် လူဦးရေ (၂)သောင်းမပြည့်မီတဲ့ ချီဖွေမြို့နယ် ပန်ဝါဒေသခွဲမှာ Rare Earth ခေါ်တဲ့ မြေရှားသတ္တုတစ်မျိုးကို ပထမဆုံးတောတောင်ရှင်း၊ အချင်း(၆)လက်မပတ်လည်ရှိတဲ့ ကျင်းကို အနက်(၁၂)မီတာလောက်တူးပြီး ကျင်းထဲကို အမိုးနီးယားဆာလဖိတ်တွေထည့် ကလိုင်ဖောက်ထွက်လာတဲ့ သတ္တုရည်တွေကို (၁၀)ပေ၊ ပေ(၂၀) လောက်ကျယ်တဲ့ မိုးကာစခံထားတဲ့ လှောင်ကန်ထဲမှာ အနှစ်ကို အခြောက်ခံ အိတ်သွတ်ပြီး တရုတ်ပြည်ဘက်ကို ပို့ရတဲ့လုပ်ငန်းအဆင့်ဆင့်ကို ဒေသခံတွေသဘောမတူဘဲ လုပ်ကိုင်နေကြခြင်း ကြောင့်ပါပဲ။ အများစုက မြန်မာလုပ်သားတွေဖြစ်လို့ လုပ်အားခ အပြည့်မရသလို ကျန်းမာရေးအတွက်လည်း ဘာအာမခံချက်မှ မရှိကြပါဘူး။

ဒြပ်စင်ပေါင်း (၁၇)မျိုးအထိ ပါဝင်တဲ့ အဲဒီမြေရှားသတ္တုဟာ လက်ကိုင်ဖုန်းမှန်သမျှမှာ မရှိမဖြစ်လိုအပ်တဲ့ လီသီယမ်အိုင်ယွန်ဘက်ဘရီအတွက် အဓိက အသုံးပြုတဲ့အပြင် ကွန်ပျူတာ DVD, TV, Laptop, Tablet များ အီလက်ထရွန်းနစ်ပစ္စည်းများအားလုံး ကင်မရာနှင့် လျှပ်စစ်ကားများ၊ မီးချောင်းများ၊ သံလိုက်ပစ္စည်းများကအစ အမ်ပလီဖိုင်ယာစတဲ့ အသံချဲ့စက် ဆက်စပ်ပစ္စည်းအားလုံးနဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်တဲ့ ညကြည့်မျက်မှန်နဲ့ လေဆာပစ်မှတ်ရှာကိရိယာများ၊ ပဲ့ထိန်း ဒုံးကျည်များ၊ ဆက်သွယ်ရေးပစ္စည်းများ၊ GPS ကိရိယာများ၊ ဖိုင်ဘာအလင်းဖန်မျှင် ဒေတာကိရိယာ များ၊ စမတ်ဒုံးများနဲ့ ရေနံတူးစက်၊ နျူကလီးယားဓာတ်ပေါင်းဖိုနဲ့ အာကာသယာဉ်ကိုယ်ထည်တွေမှာ သာမက ကိုယ်ပျောက်စနစ်သုံး လေယာဉ်များ စတဲ့ပစ္စည်းတွေ ထုတ်လုပ်ဖို့အတွက် ရှားပါးဒြပ်စင် တွင်းထွက်ပစ္စည်း(REE)ကို မဖြစ်မနေအသုံးပြုနေကြလို့ ကမ္ဘာကြီးတစ်ခုလုံးအတွက် (၈၅)ရာခိုင်နှုန်း ထုတ်လုပ်ပေးနေတဲ့ တရုတ်နိုင်ငံရဲ့ ဒီလုပ်ငန်းကြီးဟာ ကမ္ဘာ့ GDP ရဲ့ (၅)ရာခိုင်နှုန်းနဲ့ညီမျှတဲ့ ပေါင်(၃) ထရီလီယံတန်ဖိုးရှိပါသတဲ့။

(REE) ဆိုတဲ့ ဒြပ်စင်ဟာ ခုလို IT နည်းပညာထွန်းကားတဲ့ခေတ်မှာ အလွန်အဖိုးထိုက်တဲ့ ပစ္စည်းတစ်မျိုးဖြစ်ပြီး သူ့မှာပါရှိတဲ့ ဒြပ်စင်(၁၇)မျိုးကတော့ Power Point မှာ ဖော်ပြထားပါတယ်။ Scandium Metal ရဲ့ ဈေးနှုန်းအနေနဲ့ (၁)ကီလိုဈေး US$ 15000 ရှိပြီး အရှိန်အဟုန်မြင့်မားစွာ တိုးတက်နေတဲ့ နည်းပညာခေတ်ကြီးမှာ အသုံးတည့်လှတဲ့ ဒီ ရှားပါးဒြပ်စင်ကို ထုတ်လုပ်ရာမှာတော့ အဆိပ်သင့် မြေ၊ ရေ၊ လေတို့ကြောင့် ပတ်ဝန်းကျင်က အသက်၊ ဘဝများစွာ သေကျေပျက်စီးရတဲ့ သာဓက တွေလည်း ရှိနေပါတယ်။ REE မိုင်းတွေ အများစုတည်ရှိတဲ့ မွန်ဂိုးလီးယားဒေသရဲ့ လူနှစ်သန်းခွဲဟာ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အကြီးအကျယ်ခံစားနေရသလို အဲဒီသတ္တုသန့်စင်ရာမှာ ရေဒီယိုသတ္တိကြွ ပစ္စည်းတွေနဲ့ဓာတ်ပြုရတဲ့အတွက် ကင်ဆာရောဂါဖြစ်စေတဲ့ အဆိပ်ပစ္စည်းတွေကြောင့် အဲဒီဒေသမှာပဲ နှစ်စဉ်အဆိပ်သင့် ရေဆိုးပမာဏ တန်ချိန်(၁၀)သန်းခန့်ကို စွန့်ထုတ်နေရပါတယ်။

မြန်မာနိုင်ငံရဲ့ မေခ၊ မလိခမြစ်ချောင်းတို့ဟာ မြောက်ဖျားကနေ စတင်စီးဆင်းတာဖြစ်လို့ တစ်နိုင်ငံလုံးရဲ့ ရေအရင်းအမြစ်တွေ သန့်ရှင်းမှု ရှိ/မရှိဆိုတဲ့ မေးခွန်းကို တာဝန်ရှိတဲ့ ဘယ်သူတစ်ဦး တစ်ယောက်ကမှ မသိကျိုးကျွန်ပြုခဲ့တဲ့ကာလ အတန်ကြာနေပြီမို့ ဒီလိုအရေးပါတဲ့ အချက်အလက်တွေကို ရရှိဖို့မပြောနဲ့ အများစုက သိတောင်မသိကြသေးတဲ့ အခြေအနေကြောင့် မကြာခင် လူအများအပြား အဆိပ်သင့်ကြတော့မယ့်အန္တရာယ်ဟာ လက်တစ်ကမ်းမှာပဲဆိုတာ အထူးသတိပြုပါပြီ။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတုန်းက ကချင်ပြည်နယ် ကန်ပိုင်တီးတံတားကျိုးကြခဲ့ရခြင်းဟာ ဒီလိုသတ္တုတွေ တန်ပို

တင်ဆောင်တဲ့အတွက်ကြောင့်လို့ဆိုပါတယ်။ ဖွံ့ဖြိုးမှုနိမ့်ပါးပြီး အသိဉာဏ်ပညာ နည်းပါးလှတဲ့ ဒီလို အစွန်အဖျားတိုင်းရင်းသားဒေသက သယံဇာတအချို့ကို မသမာသူလူတစ်စုကြောင့် ဥပဒေဘောင်ကို ခုတုံးလုပ်ပြီး -----------------------

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး။ အဆိုရဲ့ အဓိက ခင်ဗျား သတ္တုအကြောင်းရှင်းသလို ဖြစ်နေတယ်။ ခင်ဗျား။ ဟိုမှာ မြေပုံ ဆွဲဖို့ ဖြစ်နေတာကို။ သူ့ တိုက်ရိုက်သက်ဆိုင်တာကိုပဲ ပြောပေးပါ။


**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ ဟုတ်ကဲ့။ ဒီလိုကိစ္စတွေကို အချိန်မီတားဆီးနိုင်ဖို့အတွက် အချက်အလက်တွေပြည့်စုံတဲ့ GIS စနစ်တစ်ခု ရှိကို ရှိရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ အချက်အလက်များ အရ ကိုယ်ပိုင်တဲ့ ရေထု၊ မြေထု၊ လေထုတွေနဲ့ ဘယ်လောက်ပမာဏကို ဘယ်လို အကျိုးရှိရှိ အသုံး ချပြီး ဘယ်လိုတန်ဖိုးသိသိ ကာကွယ်ရမလဲဆိုတာ ခန့်မှန်းလို့ရပါပြီ။ ဒီလို များပြားလှတဲ့ တာဝန်တွေကို ကျေပွန်ဖို့ အနာဂတ်ကိုမျှော်မှန်းပြီး အချက်အလက်များစွာ ပါဝင်တဲ့ One Map Myanmar အဖွဲ့အဖြစ် ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး (၈)နှစ်စီမံကိန်းအနေနဲ့ ဖော်ဆောင်နေတာ (၄)နှစ်ခန့်ရှိပေမဲ့လည်း ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှာပဲ အစပျိုးဆောင်ရွက်နိုင်သေးတာ ဖြစ်လို့ Importance of Map and Data မြေပုံစနစ် အရေးပါမှုရဲ့ လိုအပ်ချက်လုပ်ငန်းများ အချိန်ယူ ဆောင်ရွက်နိုင်ရန်အတွက် တင်သွင်းခဲ့တဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ အဆိုအား ထောက်ခံဆွေးနွေး တင်ပြအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


မြေပုံများနှင့် အချက်အလက်များ၏ အရေးပါမှုဖော်ပြသည့် မြင်ကွင်းပုံ (ညည)



ဥပဒေမဲ့ သတ္တုတူးဖော်မှုနှင့် ပတ်သက်၍ တင်ပြသည့်စာ မြင်ကွင်းပုံ (ညည-၁)



Institutional Arrangement ဖွဲ့စည်းပုံပြ မြင်ကွင်းပုံ (ညည-၂)




**အချိန်၊ ၁၁:၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၀၉။**

**ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ မေတ္တာပို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှေးရယ်ရှုမောင် ဖြစ်ပါတယ်။

ကျွန်တော်ဆွေးနွေးမယ့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနဲ့ ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာအချက်အလက်များရရှိရေး၊ မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရာတွင် မူလအခြေခံ လိုအပ်ချက်များဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို

ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကူအညီ ရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်ရှိ ဌာနေတိုင်းရင်းသားများသည် မိမိတို့သက်ဆိုင်ရာ လူမျိုးစု၊ မျိုးနွယ်စုအလိုက် ၎င်းတို့သက်ဆိုင်သော မြေ၊ သဘာဝအရင်း အမြစ်နှင့် နယ်နိမိတ်များကို ရိုးရာဓလေ့ မြေစီမံခန့်ခွဲစနစ်များ အသုံးပြု၍ အုပ်ချုပ်စီမံလာခဲ့ပါတယ်။ မြန်မာပြည် လွတ်လပ်ရေးမရရှိမီအချိန် ကရင်နီနှင့် ကယားပြည်နယ်သည် လွတ်လပ်သော ပြည်နယ် တစ်ခုအဖြစ် ဆက်လက်တည်ရှိ၍ မြေနှင့်ပတ်သက်သော အုပ်ချုပ်စီမံခြင်းကို လွတ်လပ်စွာ စီမံခန့်ခွဲကြပါတယ်။ ဒါပေမဲ့ မြန်မာပြည် လွတ်လပ်ရေးရရှိပြီးတဲ့နောက်ပိုင်း ပြည်နယ်အုပ်ချုပ်လာခဲ့သူများရဲ့ အဆက်ဆက်ဟာ ကရင်နီပြည်၊ ကယားပြည်နယ်မှာရှိတဲ့ သဘာဝအရင်းအမြစ်နဲ့ နယ်နိမိတ်များကို နည်းပေါင်းစုံတွေ ထိန်းချုပ်ကြပါတယ်။ အတင်းအဓမ္မ လုယူသိမ်းဆည်းကြပါတယ်။ ယခင် ကရင်နီပြည်ရှိ ဌာနေတိုင်းရင်းသားများဟာ မိမိတို့ရဲ့ပိုင်ဆိုင်တဲ့၊ မိမိတို့လက်ထက်ဆိုင်တဲ့ နယ်နိမိတ်တွေရှိမြေနှင့် သဘာဝအရင်းအမြစ်များကို လွတ်လပ်စွာ ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ထိန်းချုပ်ခွင့်ရှိခဲ့သော်လည်း ဖိနှိပ်အုပ်ချုပ်သူ အဆက်ဆက်တို့ရဲ့ ဖိနှိပ်မှုယန္တရားများကြောင့် ၎င်းတို့ရဲ့ မြေ၊ သဘာဝအရင်းအမြစ်နှင့် နယ်နိမိတ်များ ဆုံးရှုံးခြင်း များစွာနဲ့ကြုံတွေ့နေရပါတယ်။

ဌာနေတိုင်းရင်းသားများရဲ့ ဘိုးဘွားစဉ်ဆက် အသုံးပြုလာခဲ့တဲ့ ရိုးရာဓလေ့ မြေစီမံခန့်ခွဲမှုစနစ်များလည်း အသိအမှတ်ပြုမခံရဘဲ ၎င်းတို့ထိန်းသိမ်း စီမံခန့်ခွဲထားတဲ့ မြေယာနှင့် သဘာဝအရင်းအမြစ်တွေကို အတင်းအဓမ္မ သိမ်းဆည်းခံရခြင်း၊ ဌာနေတိုင်းရင်းသားတွေရဲ့ မြေယာဆိုင်ရာ အခွင့်အရေးကို အပြည့်အဝ အသိအမှတ်ပြု ကာကွယ်ပေးမယ့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်း မရှိခြင်းတို့ကြောင့် ဌာနေတိုင်းရင်းသားများရဲ့ လူမှုစီးပွားတည်ငြိမ်မှုကို ထိခိုက်စေရုံမျှမက ဂုဏ်သိက္ခာရှိစွာဖြင့် ရှင်သန်ရပ်တည်နိုင်ရန် ထိန်းချုပ်မှုများနှင့် ရင်ဆိုင်နေခဲ့ရသည်မှာ ယနေ့တိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာကိစ္စနှင့်ပတ်သက်ပြီးတော့ စီမံခန့်ခွဲ ကာကွယ်ဖြေရှင်းချက်များရဲ့ စိန်ခေါ်မှုပြဿနာ အခက်အခဲတွေဖြစ်နေသော မြေယာကော်မတီတို့ရဲ့ စီမံလုပ်ဆောင်ပိုင်ခွင့် အားနည်းတာတွေဟာ တစ်မျိုးတည်းသော မြေပုံစနစ်မရှိခြင်း၊ မြေယာမှတ်ပုံတင်ခြင်းရဲ့လုပ်ငန်းပီပြင်မှု မရှိခြင်းကြောင့် ဖြစ်ရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာရှိနေတဲ့ မြေယာပြဿနာတစ်ခုကို ဖော်ပြရမယ်ဆိုရင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရဲ့ မြို့တွင်းအချက်အချာကျ ပြည်သူလူထုလည်း သိသာမြင်သာသော လယ်ယာမြေတစ်ခု ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်မတိုင်ခင် အချိန်ကာလကတည်းက အဲဒီတိုင်းရင်းသားအုပ်စုလေးတစ်ခုဟာ ရွာလေးတစ်ရွာ ဒေါတမရွာလို့ အမည်ရှိတဲ့ ရွာလေးတစ်ရွာကို စတည်ပြီးတော့ လယ်ယာမြေဧက(၁၂၀)ကျော်ကို လက်ငုတ်၊ ခုတ်ထွင်၊ ရှင်းလင်း လုပ်ကိုင်စားသောက်ခဲ့ပါတယ်။ နှစ်ကာလနဲ့အမျှ ၁၉၉၁ ခုနှစ်အချိန်ကာလသို့ ရောက်တဲ့အခါမှာ လုပ်ပိုင်ခွင့် ပိတ်ပင်ခံရပြီး မြေစာရင်းဌာန ဝန်ထမ်းအဆင့်ရှိတဲ့ လူတစ်ဦးက လာရောက်၍ ဟန့်တားခဲ့ပါတယ်။ အဲဒီအချိန်ကာလမှာ မည်သည့်အမိန့်ပဲဖြစ်ဖြစ် အမိန့်ဖြင့် ခြိမ်းခြောက်လာရင် တုတ်တုတ်မျှ မလှုပ်ရဲတဲ့အချိန်ကာလ ဖြစ်ပါတယ်။ ဤသည်မှာ ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာအချက်အလက်များ မရှိခြင်း

ကြောင့် အခက်အခဲများစွာ ကြုံတွေ့ရပါတယ်။ ၎င်းလယ်ယာမြေ ဧက(၁၀၀)ကျော်ရှိ မြေယာအချို့မှာ တိုးချဲ့ရပ်ကွက်ဆိုပြီးတော့မှ အကွက်ရိုက် ရောင်းစားသွားကြပါတယ်။ ဧက(၅၀)ကျော်ကိုတော့ လွိုင်ကော် မီးရထားဘူတာရုံ ဆိုပြီးတော့မှ သတ်မှတ်ဆောက်တည်ခဲ့ကြပါတယ်။ ၎င်းတည်ဆောက်မှုအတွက် သိမ်းဆည်းတဲ့ အမိန့်စာ၊ သက်သေခံအထောက်အထား၊ စာရွက်စာတမ်း တစ်ခုမှလည်း မတွေ့ခဲ့ပါဘူး။ မြေစာရင်းပုံစံ (၁၀၅)၊ (၁၀၆) မရှိ၊ လယ်ယာမြေမှ အခြားမြေသို့ အသုံးပြုသည့် အထောက်အထား စာရွက်စာတမ်းတစ်ခုမှလည်းမရှိဘဲ မြေယာလျော်ကြေးနှင့် ပတ်သက်ပြီးတော့ လယ်သမားများနဲ့ သဘောတူစာချုပ် ++++++++++++

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး။ ကျွန်တော် ခုနက ပြောပြီးပါပြီ။ ဆွေးနွေးတဲ့ဟာက မြေကြီးမြေပုံ။ အဲ့ဒါပဲ အဓိက အရေးကြီးတာပါ။ ကျန်တာတွေကို ထည့်ပြီးတော့။ မြေသိမ်းတဲ့ကိစ္စ တွေကော ပြဿနာဖြစ်နေတယ်။ အဆိုက မြေကြီးမြေပုံဖြစ်ဖို့ အဆို။

**ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဟုတ်ကဲ့။ ဟုတ်ကဲ့။ တရားမဝင်လည်း သိမ်းဆည်းထားခဲ့ရတော့။ ဒါကြောင့်မို့လို့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ၏ တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်လုပ်ငန်း တို့ကို စီမံချက်ချမှတ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လေးလေး နက်နက် ထောက်ခံအကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၁၆။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်သန်း ရဲ့ အဆိုဖြစ်တဲ့ တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်လုပ်ငန်းကို နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံ ဆွေးနွေးလိုပါတယ်။

ဘာကြောင့် ထောက်ခံဆွေးနွေးရသလဲဆိုလို့ရှိရင် မြေဟာ ကျွန်မတို့နိုင်ငံရဲ့ အချုပ်အခြာ အာဏာဖြစ်သလို အသက်ရှင်ရပ်တည်ရေးနှင့် အခြေခံအစားအသောက်အတွက် မဖြစ်မနေလိုအပ်ချက် ကြောင့် အရေးကြီးလို့ပဲ ဒီအဆိုကို ဆွေးနွေးရတာ ဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံ့အတွက် ပိုမိုအကျိုး ဖြစ်ထွန်းစေမယ့် နှစ်ရှည်စီမံကိန်းများကို အနာဂတ်မျိုးဆက်သစ်တွေ အသုံးပြုဖို့ ယနေ့အချိန်အခါလို မြေယာနှင့်ပတ်သက်တဲ့ ပြဿနာတွေ နည်းစေဖို့၊ လုံးဝပပျောက်ဖို့ ဒီအဆိုကို ထောက်ခံရတာ ဖြစ်ပါတယ်။

ယခု အဆိုအား ၂၀၁၈ ခုနှစ်က ဩဂုတ်လကနေပြီးတော့ ဦးမျိုးဝင်း တင်သွင်းတဲ့ အဆိုနဲ့ ဆက်စပ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ပထမဦးဆုံး မေးခွန်းထုတ်လိုတာက ဒီအဆိုနဲ့ပတ်သက်ပြီး

သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့ရဲ့ ဆောင်ရွက်ထားမှုအခြေအနေ ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့လို့ ယခုဆိုလို့ရှိရင် (၇)နှစ်တာ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ လက်ရှိမှာ နေ့စဉ်နဲ့အမျှ ဖြစ်ပျက်နေတဲ့ လယ်ယာမြေအရောင်းအဝယ်များ မှတ်ပုံတင်ဖို့တောင်မှ ဆောင်ရွက်ပေးဖို့ အခြေအနေ ပေးတာမတွေ့ရသေးပါဘူး။ အဓိက ပြောချင်တဲ့အချက်အလက်က ခိုင်မာတဲ့ မြေယာဆိုင်ရာအချက်အလက်များရရှိဖို့ မြေယာမှတ်ပုံတင်လုပ်ငန်းကို ဆောင်ရွက်ဖို့ဆိုတာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ)နဲ့ (ဃ)အရ မှတ်ပုံတင်ရန် ပြဋ္ဌာန်းထားချက်တွေကို ဥပဒေပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။

လယ်ယာမြေဥပဒေ ပြဋ္ဌာန်းခဲ့တာ (၇)နှစ်ကြာပြီဖြစ်ပေမယ့် အရောင်းအဝယ် လက်လွှဲပြောင်းတာတွေ၊ မှတ်ပုံတင်တာတွေ၊ ဒီလုပ်ငန်းတွေကို လုပ်ဆောင်နိုင်ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ တစ်ချိန်မှာ ရှုပ်ထွေးလာနိုင်တဲ့အခြေအနေ ဖြစ်ပါတယ်။ ဥပဒေရှိပေမယ့် သက်ဆိုင်ရာက အလုပ်မလုပ်တဲ့အတွက် လယ်ယာမြေ မှတ်ပုံတင်စာရင်းဇယားများက အခြေအနေနှင့် အချိန်အခါနှင့် မကိုက်ညီဘဲ ခေတ်နောက်ကျနေပါတယ်။ နိုင်ငံရဲ့ကဏ္ဍတိုင်းမှာ ခေတ်နောက်ကျနေတာ ရဲရဲကြီးပြုပြင် ပြောင်းလဲဖို့လိုပါမယ်။ ခေတ်မီတဲ့နိုင်ငံကို တည်ဆောက်မယ်ဆိုရင် အခြေခံကျတဲ့အချက်အလက်က ခေတ်မီနည်းစနစ်နဲ့ တည်ထောင်ရမှာဖြစ်ပါတယ်။ ယနေ့ ကမ္ဘာရဲ့ အရွေ့ကို အချက်အလက်တွေ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်နဲ့ ပွင့်လင်းမြင်သာစွာ ရရှိမှုက ဦးဆောင်နေပါတယ်။

ဒါကြောင့် အထက်မှာ ဖော်ပြခဲ့တဲ့ ဥပဒေက အချက်တွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ အစိုးရက အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဖို့ ပျက်ကွက်နေတဲ့အတွက် ယခုလိုမျိုးအဆိုတွေ ထပ်မံပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော်ဖို့ (၇)နှစ်လောက် အချိန်ယူနေရသေးတယ်ဆိုလို့ရှိရင် တိုင်းပြည်ရဲ့ အရေးကြီးတဲ့ မြေယာစီမံခန့်ခွဲရေးအတွက် လိုအပ်တဲ့ မြေယာ၊ မြေရာဇဝင် သတင်းအချက်အလက်များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုဖို့ နှစ်ရှည်စီမံကိန်းဟာ ဘယ်အချိန်မှာ အကောင်အထည်ဖော်မလဲဆိုတာမှန်းဖို့ ခက်ခဲပါတယ်။ ကျွန်မအနေနဲ့ တိုက်တွန်းချင်တာက လယ်ယာမြေအငြင်းပွားမှုတွေ အနာဂတ်မှာ အုံနှင့်ကျင်းနဲ့ နောက်ထပ်ဖြစ်ပေါ်လာမယ်ဆိုလို့ရှိရင် ပြည်သူ၊ အစိုးရနှင့် နိုင်ငံက အချိန်ကုန် ငွေပန်းဖြစ်ပြီးလို့ရှိရင် လူတွေ ဒီထက်မက ဒုက္ခရောက်ဦးမှာပါ။ နောက်တစ်ခုက နိုင်ငံတကာရင်းနှီးမြှုပ်နှံလိုသူတွေ ပြည်တွင်းရင်းနှီးမြှုပ်နှံလိုသူတွေအတွက် မြေယာမှုခင်းတဈွေကလည်း ဆက်လက်ခြောက်လှန့်နေဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံ့လိုအပ်ချက်ကို ဆောင်ရွက်ဖို့ နှစ်ရှည်စီမံကိန်းများမဖြစ်မနေ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်ပြတဲ့ အဆိုဟာ ခေတ်စနစ်မှာ အမှန်တကယ် ပြုပြင်ပြောင်းလဲဖို့ လိုအပ်တဲ့အဆိုတစ်ရပ် ဖြစ်ပါတယ်။ အဆိုရှင်တင်ပြထားသလို တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်မှုက နိုင်ငံအတွင်း မြေယာပြဿနာများကို စနစ်တကျမှန်မှန်ကန်ကန် ဖြေရှင်းဖို့နှင့် မှန်မှန်ကန်ကန် အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ မှန်ကန်တဲ့မြေအသုံးချမှုမူဝါဒများနှင့် မြေယာခွဲဝေရေးတို့ကို မှန်မှန်ကန်ကန်၊ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်မှုအပေါ်မှာ မူတည်နေလို့ ထောက်ပြထားပါတယ်။ နိုင်ငံ့ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာမှာ မဖြစ်မနေ ဦးစားပေး ဆောင်ရွက်ရမှာက မြေနှင့် သက်ဆိုင်တဲ့ စီမံခန့်ခွဲမှု အားလုံး ဖြစ်ပါတယ်။ လက်ရှိမှာတော့ များပြားလှတဲ့ မြေနှင့်

သက်ဆိုင်တဲ့ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာ အင်မတန်အားနည်းဆဲဖြစ်ပါတယ်။ သက်ဆိုင်ရာများအနေနဲ့ ဥပဒေနှင့်မညီတဲ့ ဘယ်ကိစ္စမဆို အရေးယူဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အရိုးမယူဘဲ ဝေစုယူနေသမျှ ကာလပတ်လုံးအတွက် ဒီလိုပဲ နိုင်ငံ့မြေယာကဏ္ဍတိုးတက်မှု နှောင့်နှေးနေဦးမှာ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံသူ၊ နိုင်ငံသားများ ယနေ့ ရင်ဆိုင်နေရတဲ့ မြေအရင်းအမြစ်နှင့်ပတ်သက်တဲ့ အငြင်းပွားမှုပြဿနာများ အကြမ်းအားဖြင့် (၅)မျိုးရှိတယ်လို့ အဆိုရှင်က ထောက်ပြထားပါတယ်။ ဒီအငြင်းပွားမှုတွေကို လက်ရှိ ရှိနေတဲ့ ဥပဒေ၊ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ ညွှန်ကြားချက်တွေက ဖြေရှင်းလို့ မရဘူးလား။ ဘာတွေက အငြင်းပွားမှု ဖြေရှင်းရေးမှာ အဟန့်အတား ဖြစ်နေသလဲ၊ ဒီအဟန့်အတားကို ဘယ်လိုအဖြေရှာရမလဲဆိုတဲ့ ယန္တရားတွေ သေချာရှာဖွေရမှာ ဖြစ်ပါတယ်။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်မရဲ့ မဲဆန္ဒနယ်က စီမံကိန်းဆောင်ရွက်သွားတဲ့ Shwe Gas ပိုက်လိုင်းနဲ့ ပတ်သက်ပြီးတော့ ယနေ့ လက်ရှိအချိန်ထိ Shwe Gas ပိုက်လိုင်း ဖြတ်သန်းမှုတစ်လျှောက်မှာ နစ်နာနေတဲ့ ပြည်သူတွေက ယနေ့အချိန်အထိ တင်ပြဆဲ ဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်မတို့ ရခိုင်ပြည်နယ်မှာဆောင်ရွက်မယ့် အထူးသဖြင့် ကျောက်ဖြူနှင့် ပတ်သက်တဲ့ စီမံကိန်းတွေမှာဆိုလို့ရှိရင် လယ်ယာစီမံကိန်းတွေမှာ စက်မှုစီမံကိန်းတွေပါတယ်။ အထူးစီးပွားရေးဇုန်တွေပါတယ်။ စိုက်ပျိုးမြေတွေကလည်း ပါ ပါတယ်။ ဒီစီမံကိန်းကို နှစ်အနည်းငယ်အတွင်းက ကျွန်မတို့ နိုင်ငံတကာမျက်နှာစာပေါ်မှာရော၊ ရခိုင်လူမျိုးမျက်နှာစာမှာပါ ဒီစီမံကိန်းဟာ မြေတွေပေါ်မှာ အကွက်ချထားပြီးတော့ ဘယ်နေရာကဖြင့် စီမံကိန်း၊ ဘယ်နေရာကတော့ SEZ ၊ ဘယ်နေရာကတော့ စိုက်ပျိုးမြေဧရိယာဆိုပြီးတော့ ပေါ်ပေါက်လာပါတယ်။ ဒီစီမံကိန်းနှင့်ပတ်သက်ပြီးတော့ ရခိုင်လူမျိုးတွေကို ဒီနေရာမှာ အခြေချနေကြတဲ့ ကျောက်ဖြူ SEZ ပတ်ဝန်းကျင်မှာရှိကြတဲ့ လူမျိုးတွေကို တင်ပြတာ၊ ထောက်ပြတာ၊ ဝေဖန်တာ ပါဝင်ပတ်သက်မှုရှိခဲ့တာ တစ်ခုမှမရှိခဲ့ပါဘူး။

ဒါကြောင့်မို့လို့ လက်ရှိနိုင်ငံတကာမှာ ရေပန်းစားနေတဲ့ SEZ (Special Economic Zone) လိုမျိုးကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှာ ဆောင်ရွက်မယ့်ကဏ္ဍမှာ ပြည်သူတွေလည်း သိရှိထားခြင်း၊ နားလည်ထားခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ ဒါသည် နောင်အနာဂတ်မှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေမှာ အဟန့်အတားဖြစ်စေနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမျိုး အဟန့်အတားတွေကိုဖြစ်စေတဲ့ အကြောင်းအရင်းတွေကို ရှာဖွေပြီးလို့ရှိရင် ဒီစီမံကိန်းတွေကို ပြည်သူတွေကို ချပြရမှာဖြစ်ပါတယ်။ ပြည်သူမသိတဲ့၊ ပြည်သူနားမလည်တဲ့ ဘယ်စီမံကိန်းကမှ အောင်မြင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာများအနေနဲ့ လယ်ယာမြေစီမံခန့်ခွဲမှုကို ဆောင်ရွက်တဲ့အခါမှာ ဒေသနေဌာနေတိုင်းရင်းသားများရဲ့ အခွင့်အရေးနှင့်တကွ စီမံကိန်းတွေ နိုင်ငံတကာမှာ လက်ရှိဆောင်ရွက်နေကြတဲ့ (Moral Investment) စီမံကိန်းမျိုးဖြစ်ဖို့ကို အရေးကြီးပါတယ်။ ကျွန်မတို့ SEZ များကို ပြည်သူများအနေနဲ့ ဟန့်တားတာတွေ ဆောင်ရွက်မှ မဟုတ်ပါဘူး။ ဒါပေမဲ့ (Moral Investment) မဟုတ်ဘူးဆိုလို့ရှိရင်တော့ ဘယ်ပြည်သူကမှ ဒီစီမံခန့်ခွဲမှုတွေနှင့် ပတ်သက်ပြီးတော့ လက်ခံနိုင်မှာ မဟုတ်ပါဘူး။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒါကြောင့်မို့လို့ မြေနဲ့ သက်ဆိုင်တဲ့ စီမံခန့်ခွဲမှုမှာ လူမှုအဖွဲ့အစည်း တိုးတက်မှုနဲ့ လူမှုဘဝဖူလုံရေးကို ဖြည့်ဆည်းပေးပြီး တရားမျှတမှု

ရှိတဲ့ စီမံခန့်ခွဲမှု ဖြစ်ရပါမယ်။ ဒါကြောင့် မြေယာစီမံခန့်ခွဲမှုမှာ ပိုမိုအင်အားကောင်းစေဖို့ဆိုလို့ရှိရင် ဒီထိန်းညှိမှုတွေကို ထိန်းညှိဖို့အတွက် မြေယာစီမံကိန်း အစီအမံများကို ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ ဆောင်ရွက်ဖို့အတွက် တစ်မျိုးတည်းသော One Map Myanmar ဖြစ်ဖို့အတွက် ဒီအဆိုကို ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို (၂၄)ရက်မြောက်နေ့ အစည်းအဝေး ၁၃ - ၃ - ၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၃)ရက်မြောက်နေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက် မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက် မြောက်နေ့ကို ၁၁း၂၄ နာရီအချိန်တွင် ရပ်နားပါသည်။]